ISP ကပြင်ရပ်ဝန်း
ISP EXPLAINER
China Studies
အမှတ်-၉၊ ဒီဇင်ဘာ ၂၇ ရက်၊ ၂၀၂၃ ခုနှစ်

# ပယ်မိသားစု ကြမ္မာငင်ချိန်

## ‘စစ်ဆင်ရေး ၁၀၂၇’နှင့် တရုတ်နိုင်ငံ၏ ကြားဝင်မှု



ရှမ်းပြည်မြောက်ပိုင်း နမ့်ဆန်မြို့နယ်အတွင်း၌
TNLA တပ်ဖွဲ့ဝင်များအား ဒီဇင်ဘာ ၁၃ ရက်က တွေ့ရစဉ်။ (Photo: AFP)

ညီနောင်မဟာမိတ်သုံးဖွဲ့ (3BHA) နဲ့ ပူးပေါင်းတပ်တွေရဲ့ ‘စစ်ဆင်ရေး ၁၀၂၇’ အရှိန်ရလာချိန်မှာပဲ တရုတ်နိုင်ငံက ကြားဝင်လာပါတယ်။ တရုတ်နိုင်ငံရဲ့ စီစဉ်ပေးမှုနဲ့ နှစ်ဖက်အဖွဲ့တွေ ကူမင်းမြို့မှာ နှစ်ကြိမ်တွေ့ဆုံခဲ့ပေမဲ့ ရေရာတဲ့အဖြေ မထွက်ခဲ့ပါဘူး။ ဒီဖြစ်စဉ်နဲ့အပြိုင် ကိုးကန့်ဒေသ ခေါင်းဆောင်ဟောင်း ပယ်ဆောက်ချိန်အပါအဝင် ပယ်၊ ဝေ၊ လျိုနဲ့ မင် မိသားစုဝင် ၁၀ ဦးကို တရုတ်အစိုးရက ဖမ်းဝရမ်းထုတ်လိုက်ပါတယ်။ ကိုးကန့်ဒေသတွင်း လက်ရှိခေါင်းဆောင်မှုကို ဖယ်ရှားလိုတဲ့ တရုတ်နိုင်ငံရဲ့သဘောထား ပိုပြီးထင်ရှားလာခဲ့တာပါ။ နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှုဘက်မှာတော့ ကျောက်ဖြူအထူးစီးပွားရေးဇုန်စတဲ့ စီမံကိန်းတွေကို အရှိန်မြှင့်တည်ဆောက်ဖို့ ဟန်ပြင်နေကြပါတယ်။ တချိန်တည်းမှာပဲ သုံးနှစ်နီးပါး ဆိုင်းငံ့ထားတဲ့ လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှု ထိပ်သီးအစည်းအဝေးကို ပြန်လုပ်ပြီး စစ်ကောင်စီဥက္ကဋ္ဌ တက်ခွင့်ရခဲ့ပါတယ်။ အာဏာသိမ်းမှုအလွန် (၂၀၂၁ ခုနှစ် ဧပြီလနောက်ပိုင်း) ဒေသတွင်း ထိပ်သီးအစည်းအဝေးတခုမှာ စစ်ကောင်စီဥက္ကဋ္ဌ ပထမဆုံးတက်ခွင့်ရတဲ့ အစည်းအဝေး ဖြစ်လာပါတယ်။

## အကြောင်းအရာ ၁၃၀ ခု အနှစ်ချုပ်

ISP-Myanmar က စုစည်းလေ့လာခဲ့တဲ့ မြန်မာ-တရုတ် ဆက်ဆံရေး ရက်စွဲမှတ်တမ်းတွေကို ပိုင်းခြားတဲ့အခါ ၂၀၂၃ ခုနှစ် အောက်တိုဘာလနဲ့ နိုဝင်ဘာလအတွင်းမှာ အကြောင်းအရာ ၁၃၀ ခုရှိတာကို တွေ့ရပါတယ် (ဇယားကို ရှုပါ)။ ဒီအကြောင်းအရာတွေထဲမှာ နိုင်ငံရေး ဘောဂဗေဒ၊ နိုင်ငံဖြတ်ကျော်မှုခင်းနဲ့ ပထဝီနိုင်ငံရေး ကိစ္စရပ်တွေ လွှမ်းမိုးခဲ့ပါတယ်။ ဒါတွေအပြင် ဒီဇင်ဘာလအတွင်း ဖြစ်ခဲ့တဲ့ အထင်ကရဖြစ်ရပ်တချို့ကိုပါ ချိတ်ဆက်ပြီး အာရုံစိုက်စရာ ဖြစ်ရပ်ငါးခုကို လိုတိုရှင်း ဖော်ပြပါမယ်။

■ မြန်မာ-တရုတ်ဆက်ဆံရေးတွင် လွှမ်းမိုးခဲ့သည့်အကြောင်းအရာများ ဆန်းစစ်ချက်
(၂၀၂၃ ခုနှစ် အောက်တိုဘာလမှ နိုဝင်ဘာလအထိ)

| စဉ် | အကြောင်းအရာ | ဖြစ်ရပ်အရေအတွက် |
|---|---|---|
| ၁ | ပထဝီနိုင်ငံရေး | ၂၁ ခု |
| ၂ | နိုင်ငံရေးဘောဂဗေဒ | ၃၃ ခု |
| ၃ | သံတမန်ရေး | ၁၇ ခု |
| ၄ | ကာကွယ်ရေးနှင့် လုံခြုံရေး | ၈ ခု |
| ၅ | ပဋိပက္ခနှင့် ငြိမ်းချမ်းရေး | ၁၀ ခု |
| ၆ | ဆွဲဆောင်မှုကိုအသုံးပြုသော အာဏာသြဇာ (Soft Power) | ၅ ခု |
| ၇ | စီမံအုပ်ချုပ်မှု၊ မူဝါဒနှင့် စံနှုန်းဆိုင်ရာပေါင်းစည်းရေး | - |
| ၈ | လူမှုရေးနှင့် လူ့အခွင့်အရေး | ၇ ခု |
| ၉ | နိုင်ငံဖြတ်ကျော်မှုခင်းများ | ၂၉ ခု |
| | စုစုပေါင်း | ၁၃၀ ခု |

SCAN THIS CODE

စစ်အာဏာသိမ်းပြီးနောက်ပိုင်း
တရုတ်နိုင်ငံ၏ တုံ့ပြန်မှု ရက်စွဲမှတ်တမ်း

## ၁။ ပယ်မိသားစု ကြမ္မာငင်ချိန်

တရုတ်မှတ်ပုံတင် ကိုင်ဆောင်ထားတဲ့ ကိုးကန့်ဒေသခေါင်းဆောင်ဟောင်း ပယ်ဆောက်ချိန် အပါအဝင် ၁၀ ဦးကို ဒီဇင်ဘာ ၁၀ ရက်မှာ တရုတ်အစိုးရက ဖမ်းဝရမ်းထုတ်လိုက်ပါတယ်။ ဝရမ်းထုတ်ခံရသူတွေထဲမှာ ကိုးကန့်ဒေသတွင်း ဩဇာကြီးမားတဲ့ မိသားစုလေးခုထဲက ပယ်မိသားစုခေါင်းဆောင် ပယ်ဆောက်ချိန်၊ ဝေမိသားစုခေါင်းဆောင် ဝေဟွေ့ရန် (ဗိုလ်မှူးကြီးဝေဆန်း)နဲ့ လျိုမိသားစုခေါင်းဆောင် လျိုကျိန်ရှန်းတို့ ပါခဲ့ပါတယ်။ ဒါဟာ ၂၀၀၉ ခုနှစ်နောက်ပိုင်း ကိုးကန့်ဒေသတွင်း မြန်မာစစ်တပ်က တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်အားဖြင့် အာဏာနဲ့လုပ်ပိုင်ခွင့် အပ်နှင်းထားသူအားလုံးကို ဖယ်ရှားဖို့ ခြေလှမ်းပြင်လိုက်တာပါပဲ။ ဒီမတိုင်ခင် ကိုးကန့်ဒေသတွင်း ဩဇာကြီးစာရင်းဝင် မိသားစုလေးခုထဲက မင်မိသားစုကိုလည်း တရုတ်နိုင်ငံက ဖမ်းဝရမ်းထုတ်ခဲ့ပါတယ်။ အဲဒီတုန်းကတော့ မင်မိသားစုခေါင်းဆောင် မင်ရှူကျန်း အပါအဝင် မိသားစုဝင်လေးဦးစလုံးကို မြန်မာစစ်တပ်ကဖမ်းဆီးပြီး နိုဝင်ဘာ ၁၆ ရက်မှာ တရုတ်နိုင်ငံရဲတပ်ဖွဲ့ဆီ လွှဲပေးခဲ့ပါတယ်။ ဒါပေမဲ့ မင်မိသားစုခေါင်းဆောင်ဖြစ်တဲ့ မင်ရှူကျန်းက ဖမ်းဆီးခံရချိန်မှာ ကိုယ့်ကိုယ်ကိုယ် ပစ်ခတ် သေကြောင်းကြံစည်ခဲ့တယ်လို့ စစ်ကောင်စီဘက်က သတင်းထုတ်ခဲ့ပါတယ်။

ခုတကြိမ်မှာတော့ စစ်ကောင်စီအဖို့ ပိုပြီး အကျပ်ရိုက်မယ့်ပုံစံမျိုးပါ။ ဝရမ်းထုတ်ခံရသူတွေထဲမှာ ထိပ်ဆုံးကပါခဲ့တဲ့ ပယ်ဆောက်ချိန်ဟာ ၁၉၉၂ ခုနှစ်မှာ MNDAA အဖွဲ့ထဲကနေ ယန်မော်လျန်ကို ဖယ်ရှားချိန်တုန်းက ဖုန်ကြားရှင် (လက်ရှိ MNDAA တပ်ကို ဦးဆောင်ထားသော ဖုန်တာ့ရွှင်၏ဖခင်)ကို ကူညီပေးခဲ့သူဖြစ်ပေမဲ့ ၂၀၀၉ ခုနှစ် ကိုးကန့်အရေးအခင်းကာလမှာတော့ မြန်မာစစ်တပ်နဲ့ပေါင်းပြီး ဖုန်ကြားရှင်ကိုဖယ်ရှားခဲ့သူပါ။ အဲဒီနောက်ပိုင်း ကိုးကန့်ဒေသမှာ ပယ်ဆောက်ချိန် တန်ခိုးထွားခဲ့သလို၊ အမျိုးသားလွှတ်တော်အမတ် ဖြစ်ခဲ့တဲ့အထိလည်း မြန်မာစစ်တပ်ရဲ့ သူကောင်းပြုခြင်းကို ခံခဲ့ရပါတယ်။ ဝေမိသားစုခေါင်းဆောင် ဝေဟွေ့ရန် (ဗိုလ်မှူးကြီးဝေဆန်း)ဟာလည်း အမှတ်-၁၀၀၆ နယ်ခြားစောင့်တပ် (ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ) ဗဟိုအကြံပေးနဲ့ ကွပ်ကဲရေးအဖွဲ့ဥက္ကဋ္ဌဖြစ်တဲ့အပြင် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်လည်း ဖြစ်ပါတယ်။ လျိုမိသားစုခေါင်းဆောင် လျိုကျိန်ရှန်းဟာလည်း ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင် ဖြစ်ပါတယ်။ တနည်းအားဖြင့် လက်ရှိ ဖမ်းဝရမ်းထုတ်ခံရသူ ၁၀ ဦးစလုံးဟာ ကိုးကန့်ဒေသရဲ့ စစ်ရေး၊ အုပ်ချုပ်ရေးနဲ့ စီးပွားရေးဆိုင်ရာ ကိစ္စရပ်တွေမှာ အဓိကတာဝန်ယူထားသူတွေဖြစ်ပြီး ခေါင်းဆောင်ဟောင်း ပယ်ဆောက်ချိန်ရဲ့ သစ္စာခံတွေလို့ဆိုနိုင်ပါတယ်။ ပယ်မိသားစုအပြင် သူတို့နဲ့ ဆက်စပ်နေသူတွေအဖို့ ကြမ္မာငင်ချိန်ပါပဲ။

ပြီးခဲ့တဲ့ နိုဝင်ဘာလအတွင်း မင်မိသားစုကို တရုတ်အစိုးရက ဝရမ်းထုတ်ချိန်မှာ မြန်မာစစ်တပ်ကိုယ်တိုင် ဖမ်းဆီးပေးခဲ့တာ၊ တခါ ပယ်ဆောက်ချိန်ရဲ့သား ပယ်ရင်ချန်ကို ဝရမ်းထုတ်ကြောင်း သတင်းထွက်လာချိန်မှာ သတင်းအများလို့ စစ်ကောင်စီပြောခွင့်ရကိုယ်တိုင်ထွက်ပြောပြီး ကာကွယ်ပေးခဲ့တာတွေ ရှိခဲ့ပါတယ်။ ဒါကြောင့် အခုတကြိမ်မှာ စစ်ကောင်စီ ဘယ်လိုကိုင်တွယ်မလဲဆိုတာ စိတ်ဝင်စားဖို့ကောင်းပါတယ်။ ISP-Myanmar ရဲ့ ကနဦးသုံးသပ်ချက် အမှတ်-၁၇ မှာဆိုခဲ့သလို အွန်လိုင်းရာဇဝတ်မှုနဲ့ ဆိုက်ဘာကျွန်ပြုမှုတွေကို နှိမ်နင်းတာနဲ့အတူ တရုတ်အစိုးရက ရှမ်းမြောက်ဒေသတွင်း အာဏာချိန်ခွင်လျှာ အပြောင်းအလဲ၊ ခေါင်းဆောင်မှုအပြောင်းအလဲ ပြန်လုပ်ခြင်း (Power Reconfiguration) အပေါ် ဆစ်ပိုင်းနိုင်တဲ့ အချက်သုံးချက်ထဲက တချက်ဖြစ်တဲ့ 'ကိုးကန့်ဒေသတွင်း ပယ်ဆောက်ချိန်နဲ့ လက်ရှိခေါင်းဆောင်မှုကိုဖယ်ပြီး လူသစ်လဲကစားလိုခြင်း'ဟာ တရုတ်အစိုးရက နောက်ဆုံးထုတ်ပြန်လိုက်တဲ့ ဖမ်းဝရမ်းစာရင်းကြောင့် ပိုပြီးရှင်းလင်းတဲ့နားလည်မှု ဖြစ်လာပါတယ်။


ထူးခြားချက်တခုကလည်း ပယ်ဆောက်ချိန်အပါအဝင် ၁၀ ဦးကို တရုတ်အစိုးရက ဖမ်းဝရမ်းမထုတ်ခင် ဒီဇင်ဘာ ၇ ရက်ကနေ ၉ ရက်အထိ ညီနောင်မဟာမိတ်သုံးဖွဲ့က ကိုယ်စားလှယ်တွေနဲ့ စစ်ကောင်စီတို့ ကူမင်းမြို့ ဟိုင်ဂင်ဟိုတယ်မှာ တွေ့ဆုံဆွေးနွေးနိုင်အောင် တရုတ်အစိုးရက ကြားဝင်ခဲ့ပါတယ်။ ဆွေးနွေးမှုရလဒ်အဖြစ် ယာယီအပစ်အခတ်ရပ်ရေးရခဲ့တယ်လို့ တရုတ်အစိုးရဘက်က ထုတ်ပြောပါတယ်။ ညီနောင်မဟာမိတ်သုံးဖွဲ့ ကို 'တရုတ်နိုင်ငံရဲ့အကူအညီ'နဲ့ နိုင်ငံရေးအရဖြေရှင်းနိုင်ဖို့ တွေ့ဆုံဆွေးနွေးခဲ့ကြောင်း၊ တိုးတက်မှုအခြေအနေအပေါ် မူတည်ပြီး ဒီဇင်ဘာလကုန်ပိုင်းမှာ ထပ်ဆွေးနွေးဖို့ ရှိကြောင်း စစ်ကောင်စီက ပြောဆိုခဲ့ပါတယ်။ တရုတ်နိုင်ငံ ကူမင်းမြို့မှာပဲ ဒီဇင်ဘာ ၂၂ ရက်ကနေ ၂၄ ရက်အထိ နှစ်ဖက်အဖွဲ့တွေ ဒုတိယအကြိမ်တွေ့ခဲ့ပေမဲ့ ရေရာတဲ့အဖြေ ထွက်ခဲ့တာမျိုး မရှိပါဘူး။

ကျားဖြန့် အွန်လိုင်းလောင်းကစားတွေကို ဘေဂျင်းအစိုးရရဲ့ နှိမ်နင်းမှုနဲ့အတူ ညီနောင်မဟာမိတ်သုံးဖွဲ့နဲ့ ပူးပေါင်းတပ်တွေက စတင်ဆင်နွှဲခဲ့တဲ့ 'စစ်ဆင်ရေး ၁၀၂၇'ရဲ့ ရိုက်ခတ်မှုဟာ ကိုးကန့်ဒေသတွင်း မြန်မာစစ်တပ်က သူကောင်းပြုထားသူတွေအပေါ် တိုက်ရိုက်သက်ရောက်မှုဖြစ်စေခဲ့တယ်။ လက်ရှိအချိန်မှာ 'စစ်ဆင်ရေး ၁၀၂၇'ရဲ့ ဦးတည်ရာတခုဖြစ်တဲ့ လောက်ကိုင်မြို့ကို မြန်မာအမျိုးသားဒီမိုကရက်တစ်မဟာမိတ်တပ်မတော် (MNDAA) က သိမ်းဖို့ပဲ ကျန်ပါတော့တယ်။ တိုက်ပွဲဖော်ဆောင် သိမ်းယူမလား၊ မြို့မပျက်စေဘဲ နိုင်ငံရေးနည်းနဲ့ လက်ပြောင်းလွှဲယူမလားဆိုတာကတော့ ဖုန်ကြားရှင်ရဲ့သားဖြစ်သူ ဖုန်တာ့ရှင်ဦးဆောင်ထားတဲ့ MNDAA ရဲ့ အာသီသ၊ စစ်ကောင်စီရဲ့အတွက်အချက်နဲ့ တရုတ်အစိုးရရဲ့ ကြားဝင်ခြင်းနောက်ဆက်တွဲအခြေအနေကိုပဲ စောင့်ကြည့်ကြရပါမယ်။

## 'စစ်ဆင်ရေး ၁၀၂၇'နှင့် တရုတ်စီမံကိန်းများအခြေအနေ

(၂၀၂၃ ခုနှစ် အောက်တိုဘာ ၂၇ ရက်မှ ဒီဇင်ဘာ ၂၇ ရက်အထိ)

'စစ်ဆင်ရေး ၁၀၂၇' နောက်ပိုင်း ရှမ်းပြည်နယ်မြောက်ပိုင်းရှိ တရုတ်စီမံကိန်းများတည်ရှိရာ နေရာဒေသသို့ ညီနောင်မဟာမိတ်နှင့်ပူးပေါင်းတပ်ဖွဲ့များက နယ်မြေချဲ့ထွင်ထိန်းချုပ်လာခဲ့သည်။ ဒီဇင်ဘာ ၂၇ ရက်အထိ ISP-Myanmar ၏ အချက်အလက်များအရ တရုတ်စီမံကိန်းများ တည်ဆောက်ရန်နှင့် အကောင်အထည်ဖော်နေသည့် **နေရာခြောက်ခု**ကို ညီနောင်မဟာမိတ်နှင့်ပူးပေါင်းတပ်ဖွဲ့များက **အပြည့်အဝထိန်းချုပ်**ထားပြီး စီမံကိန်းနေရာ **ခုနစ်ခုထက်မနည်း**ကိုလည်း **တစိတ်တပိုင်း ထိန်းချုပ်**ထားသည်။




မှတ်ချက် - ရှမ်းပြည်နယ်မြောက်ပိုင်းတွင် အခြား EAOs များ ထိန်းချုပ်လှုပ်ရှားသည့် နယ်မြေများရှိသော်လည်း ယခုမြေပုံတွင် ညီနောင်မဟာမိတ်သုံးဖွဲ့၏ ထိန်းချုပ်နယ်မြေကိုသာ ဖော်ပြထားခြင်း ဖြစ်ပါသည်။

ရည်ညွှန်း - ISP-Myanmar ၏ လက်နက်ကိုင်ပဋိပက္ခများဆိုင်ရာ အချက်အလက်စုဆောင်းမှုစနစ်နှင့်အညီ စုဆောင်းထားသော အချက်အလက်များ ဖြစ်ပါသည်။ အခြား လွတ်လပ်သောအဖွဲ့အစည်းများ၏ ထုတ်ပြန်ချက်များနှင့် တိုက်ဆိုင်စစ်ဆေးထားပါသည်။ စခန်းတည်နေရာများနှင့် လှုပ်ရှားထိန်းချုပ်ဧရိယာများသည် မြေပြင်အခြေအနေနှင့် အနည်းငယ် ကွဲလွဲမှုရှိနိုင်ပါသည်။

## ကိုးကန့်သမိုင်းအကျဉ်း

၁၆၀၀ ပြည့်နှစ် အလယ်ပိုင်းကာလတွင် မန်ချူးလက်အောက်ရောက်ခဲ့သော မင်မင်းဆက်၏ နောက်ဆုံး မင်ဧကရာဇ်ဘုရင် (ကွေ့မင်းသားဟု သိကြသော) ရုန်လီ (Yongli) သည် ယူနန်ပြည်ဘက်သို့ ထွက်ပြေးခဲ့ပါသည်။ ရုန်လီဧကရာဇ်နှင့်အတူပါဝင်ခဲ့သော နန်းတွင်းစစ်သည်တော် ယန်ကောင်းရွှယ် (Yang Gaoxue) ၏ သားနှစ်ဦး အနက် တဦးက ကိုးကန့်ဒေသ၌ စတင်အခြေချခဲ့သည်။ ယန်ကောင်းရွှယ်၏မြေး ယန်စိန်းချိုင် (Yang Xiancai) လက်ထက်တွင် (မျက်မှောက်ခေတ်) ကိုးကန့်ဒေသဖြစ်လာမည့်နေရာရှိ ဓားပြများကိုရှင်းလင်းပြီး ယန်မိသားစုဝင်များက အုပ်စိုးခဲ့သည်။ ဗြိတိသျှခေတ်ရောက်ချိန်တွင် ကိုးကန့်ဒေသ၌ အုပ်စိုးနေသူများအား မြို့စားနယ်စားပေး အုပ်ချုပ်စေသည်။ ၁၉၄၇ ခုနှစ်တွင် ဗြိတိသျှအစိုးရက စဝ်ယန်ဝမ်ဘင်း (Sao Yang Wenbing) ကို 'စော်ဘွားဘွဲ့' ပေးခဲ့သည်။ နောက်ဆုံးစော်ဘွားမှာ စဝ်အက်ဒ်ဝပ် ယန်ကျိန်းစိုင် (Sao Edward Yang Zhencai) ဖြစ်သည်။ ၁၉၄၈ ခုနှစ်နောက်ပိုင်းတွင် ယန်မိသားစုဝင်များ ပါလီမန်ထဲအထိ ပေါက်ရောက်ခဲ့ပြီး ကိုးကန့်ဒေသရှိ အစိုးရအုပ်ချုပ်ရေးဌာနများတွင် နေရာယူခဲ့သည်။ ၁၉၅၉ ခုနှစ်တွင် ရှမ်းစော်ဘွားများ နိုင်ငံရေးသြဇာ လက်လွှတ်ဆုံးရှုံးခဲ့ရချိန်တွင် ယန်မိသားစုများမှာ ပြန်လည်တန်ခိုးထွားခဲ့သည်။ ကိုးကန့်ဒေသ၌ မျိုးနွယ်စုလိုက်အုပ်ချုပ်ခြင်းနှင့် မိသားစုလိုက် အာဏာ၊ သြဇာရှိမှုများမှာ အစဉ်အလာရှိခဲ့ပါသည်။ လွတ်လပ်ရေးခေတ်မှ ၂၀၀၉ ခုနှစ်အကြား ကိုးကန့်ဒေသတွင် ယန်၊ လော်နှင့် ဖုန် မိသားစုသုံးခု သြဇာကြီးခဲ့ပြီး ၂၀၀၉ ခုနှစ်အလွန်တွင် ပယ်၊ ဝေ၊ လျိုနှင့် မင် မိသားစုလေးခု သြဇာကြီးခဲ့ကြသည်။ ကိုးကန့်ဒေသတွင် အခြားသီးနှံစိုက်ပျိုးရန်ခက်ခဲပြီး ဘိန်းစိုက်ပျိုးခြင်းသည်သာ အဓိကဝင်ငွေရလမ်းအဖြစ် ရှိခဲ့သည်။

လွတ်လပ်ရေးရပြီးနောက်တွင် ကိုးကန့်ဒေသသည် မြန်မာနိုင်ငံ၏ပိုင်နက် တရားဝင်ဖြစ်လာခဲ့ကာ ယန်မိသားစု၏ သြဇာလည်းပိုကြီးလာခဲ့သည်။ ၁၉၅၀ ပြည့်နှစ်ကာလများတွင် ကိုးကန့်ဒေသကို စဝ်ယန်ဝမ်ဘင်း၏ သား၊ သမီးများဖြစ်သည့် အက်ဒ်ဝပ်ယန် (ယန်ကျိန်းစိုင်)၊ ဂျင်မီယန် (ယန်ကျိန်းရှိန်)နှင့် အောလစ်ယန်(ယန်ဂျင်းရှု)စသည့် ယန်မိသားစုကအုပ်စိုးခဲ့ပြီး ကိုးကန့်ဒေသမှ ထိုင်းနယ်စပ်သို့ ဘိန်းတင်ပို့မှုများနှင့် လက်နက်ကိုင်တပ်များကို လေ့ကျင့်ပေးခြင်း၊ တိုးချဲ့ခြင်းများပြုလုပ်ခဲ့သည်။ နောက်ပိုင်းတွင် ဂျင်မီယန်ကို လော်စစ်ဟန်က ဖြုတ်ချခဲ့သည်။ ဘိန်းဘုရင်ဟု ကျော်ကြားခဲ့သော လော်စစ်ဟန်ကို ဗိုလ်ချုပ်နေဝင်းအစိုးရကလည်း (ဗမာပြည်ကွန်မြူနစ်ပါတီ - ဗကပ အား တိုက်ခိုက်နိုင်ရန်) ထောက်ပံ့ခဲ့သည်။ ထိုအချိန်မှာပင် ဗကပဘက်၌ ဖုန်ကြားရှင် (တချိန်က အောလစ်ယန်၏ အနီးကပ်တပ်ဖွဲ့ဝင်ဖြစ်ခဲ့သူ)နှင့် ညီဖြစ်သူ ဖုန်ကြားဖူတို့ ရှိနေခဲ့သည်။ ကူမင်တန်(တရုတ်ဖြူ)များ လက်အောက်သို့ ကျရောက်ခဲ့သော ကိုးကန့်ဒေသအား တရုတ်နိုင်ငံ၏အကူအညီဖြင့် ဗကပက ပြန်ယူခဲ့သည့်တိုင် ကွမ်းလုံတံတားအား ထိန်းချုပ်၍ သံလွင်အနောက်ဘက်ကမ်း၌ ခြေချရန်အားထုတ်ခဲ့မှုမှာ မအောင်မြင်ခဲ့ပေ။ သို့သော် ဖုန်ကြားရှင်သည် ကိုးကန့်ဒေသတွင်းရှိ ဗကပတပ်များအား ဦးဆောင်ရသူဖြစ်လာခဲ့ပြီး မူးယစ်ဆေးဝါးကုန်သွယ်မှုဘက်ကိုလည်း အာရုံစိုက်လာခဲ့သည်။ လော်စစ်ဟန်သည်လည်း ၎င်းအား သူကောင်းပြုခဲ့သော မြန်မာအစိုးရကို ပြန်လည်ဆန့်ကျင်သည့်အတွက် ၁၉၇၃ ခုနှစ်တွင် ဖမ်းဆီးခံလိုက်ရသည်။


၁၉၈၉ ခုနှစ်တွင် ဖုန်ကြားရှင်ဦးဆောင်သော ကိုးကန့်အဖွဲ့သည် ဗကပကို ပထမဆုံး ပုန်ကန်ဖယ်ရှားပြီးနောက် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ (နဝတ)နှင့် အပစ်ရပ်ရေး သဘောတူခဲ့သည်။ ကိုးကန့်ဒေသသည် ရှမ်းပြည်နယ်အထူးဒေသ - ၁ ဖြစ်လာခဲ့သည်။ မြန်မာအမျိုးသားအမှန်တရားနှင့် တရားမျှတရေးပါတီ (MNTJP) နှင့် မြန်မာအမျိုးသား ဒီမိုကရက်တစ်မဟာမိတ်တပ်မတော် (MNDAA) ကို တည်ထောင်ခဲ့သော ဖုန်ကြားရှင်သည်

လည်း ထင်ရှားသော ဘိန်းရာဇာတဦးအဖြစ် ကျော်ကြားခဲ့ပါသည်။ တဖက်တွင်လည်း ၁၉၉၃ ခုနှစ် အမျိုးသား ညီလာခံကို တက်ခွင့်ရခဲ့သူဟုလည်း ဖော်ပြကြသည်။ ၁၉၉၂ ခုနှစ်တွင် ကိုးကန့်ဒေသတွင်း၌ ကာလတို ဘိန်း စစ်ပွဲငယ်တခုဖြစ်ခဲ့ပြီး ဖုန်ကြားရှင်သည် ယန်မျိုးဆက်တဦးဖြစ်သော ယန်မော်လျန် (Yang Maoliang) ကို စစ်ရှုံး၍ တရုတ်နိုင်ငံဘက်သို့ ယာယီ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။ ၁၉၉၄ ခုနှစ်တွင် ယန်မော်လျန်၏ညီဖြစ်သူ ယန်မော် ရှန်း (Yang Maoxian) ကို ဘိန်းကုန်သွယ်မှုကြောင့် တရုတ်အစိုးရက သေဒဏ်ပေးခဲ့သည်။ ထိုအချိန်နောက်ပိုင်း ဖုန်နှင့် ယန်မိသားစုအကြား ဗိုလ်ချုပ်ခင်ညွန့်နှင့် လော်စစ်ဟန်တို့ ကြားဝင်ပေးခဲ့သဖြင့် ကိုးကန့်ဒေသသို့ ဖုန်ကြား ရှင် ပြန်ရောက်ခဲ့ကာ ဖုန်မိသားစုလည်း ဩဇာကြီးမားလာခဲ့သည်။ ၂၀၀၉ ခုနှစ်တွင် MNDAA အား နယ်ခြားစောင့် တပ်အဖြစ် အသွင်ပြောင်းစေခြင်းကို ဖုန်ကြားရှင်က လက်မခံခဲ့ဘဲ မြန်မာစစ်တပ်နှင့် တိုက်ပွဲများဖြစ်ခဲ့သည်။ မြန်မာ စစ်တပ်ဘက်မှ အမှတ်-၂ စစ်ဆင်ရေးအထူးအဖွဲ့မှူး (လက်ရှိ စစ်ကောင်စီဥက္ကဋ္ဌ) ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင် လှိုင် ဦးဆောင်၍ ကိုးကန့်ဒေသတွင်းဝင်ရောက်ကာ စစ်ဆင်ရေးတရပ် ဆင်နွှဲခဲ့သည်။ ဖုန်ကြားရှင်လည်း အရေး နိမ့်ပြီး သမက်ဖြစ်သူ စိုင်းလင်းရှိရာ မိုင်းလားမြို့ဘက်သို့ သွားရောက်ခိုလှုံခဲ့ရသည်။ ဖုန်ကြားရှင်နေရာတွင် မူးယစ် ဆေးနှင့် လက်နက်ရောင်းဝယ်မှုများ၌ ထင်ရှားသော ပယ်ဆောက်ချိန်ဖြင့် မြန်မာစစ်တပ်က အစားထိုးခဲ့သည်။ MNDAA အဖွဲ့ထဲမှ ခွဲထွက်လာသော ပယ်ဆောက်ချိန်နှင့် အဖွဲ့သားများမှာ ကိုးကန့်နယ်ခြားစောင့်တပ် ဖြစ်လာ သည်။ တချိန်က MNDAA တပ်ဖွဲ့ထဲမှ ယန်မော်လျန်အား ထုတ်ပယ်ချိန်တွင် ပယ်ဆောက်ချိန်သည် ဖုန်ကြားရှင် အား ကူညီခဲ့သူဖြစ်သည်။ သို့သော် ဖုန်ကြားရှင်အား ဖယ်ရှားချိန်တွင်မူ မြန်မာစစ်တပ်နှင့် ပူးပေါင်းခဲ့သူလည်း ဖြစ်သည်။ ဘိန်းအစားထိုး စိုက်ပျိုးရေးအတွက် တွက်ခြေမကိုက်ခဲ့သော ကိုးကန့်ဒေသသည် ပယ်မိသားစုခေတ် တွင် လောင်းကစားဝိုင်းများနှင့်အတူ ကြီးပွားခဲ့ပြီး လောက်ကိုင်မှာလည်း မြို့ပြကြီးသဖွယ်ဖြစ်လာသည်။

၂၀၁၅ ခုနှစ်တွင် ဖုန်ကြားရှင်ဦးဆောင်သော MNDAA အဖွဲ့သည် ကုန်းကြမ်းဒေသရှိ ခမရ-၂၂၅ တပ်ကို ဝင်ရောက် တိုက်ခိုက်ပြီး လောက်ကိုင်မြို့နှင့် ကိုးကန့်ဒေသအား ထိန်းချုပ်နိုင်ရန်ကြိုးပမ်းခဲ့သည်။ ထိုအချိန်ကပင် တအန်း အမျိုးသား လွတ်မြောက်ရေးတပ်မတော် (TNLA) နှင့် ရက္ခိုင့်တပ်တော် (AA) တို့က MNDAA နှင့် အတူ ပူးပေါင်း တိုက်ခိုက်ခဲ့သည်။ စစ်ပွဲအချိန် ငါးလကြာမြင့်ခဲ့ပြီး ၂၀၁၅ ခုနှစ် ဇွန်လ၌ တဖက်သတ်အပစ်ရပ်စဲကြောင်း MNDAA က ကြေညာခဲ့သည်။ လောက်ကိုင်နှင့် ကိုးကန့်ဒေသကို ပယ်မိသားစုနှင့် ပယ်ဆောက်ချိန်၏ ဩဇာခံများကသာ ဆက်လက်ထိန်းချုပ်ခဲ့သည်။ ၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းပြီးနောက်တွင် ဦးမြင့်ဆွေ (ခ) လီကျိန်ဖူးကို ကိုးကန့် ဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌအဖြစ် စစ်ကောင်စီက တာဝန်ပေးခဲ့သည်။ ပယ်ဆောက်ချိန်၏သားဖြစ်သူ ဦးခင် မောင်လွင်(ခ) ပယ်ရင်နန်ကိုလည်း အဖွဲ့ဝင်အဖြစ် ထည့်သွင်းထားခဲ့သည်။ လက်ရှိတွင် ဦးမြင့်ဆွေကို ရာထူးမှ ဖယ်ရှားပြီး ဗိုလ်မှူးချုပ် ထွန်းထွန်းမြင့်ကို ယာယီဥက္ကဋ္ဌတာဝန် အပ်နှင်းထားသည်။

၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၁၆ ရက်တွင် မိုင်းလားမြို့၌ ဖုန်ကြားရှင်ကွယ်လွန်ခဲ့သည်။ ၎င်း၏ဆန္ဒတခုဖြစ်သော 'လောက်ကိုင်နှင့် ကိုးကန့်ဒေသအား ပြန်လည်ထိန်းချုပ်ရေး' ရည်မှန်းချက်နှင့် 'ဖုန်မိသားစု၏ အိမ်ပြန်ခရီး'ကို သား ဖြစ်သူ ဖုန်တာ့ရှင်နှင့် MNDAA တပ်က ဆက်လက်သယ်ဆောင်ခဲ့သည်မှာ 'စစ်ဆင်ရေး ၁၀၂၇' ဆင်နွှဲကာလအထိ ဖြစ်သည်။ ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်အထိ အခြေအနေများအရ MNDAA တပ်များသည် ကိုးကန့်ဒေသအား ထိန်းချုပ်ထားပြီး လောက်ကိုင်မြို့ကို သိမ်းယူရန်သာ ကျန်ရှိတော့သည်။ တဖက်တွင်လည်း ပယ်ဆောက်ချိန် အပါအဝင် ကိုးကန့်ဒေသတွင်း ဩဇာအာဏာချုပ်ကိုင်ထားသည့် မိသားစုလေးခုစလုံးမှ ခေါင်းဆောင်များကို (အွန်လိုင်းလိမ်လည်မှုများဖြင့်) တရုတ်အစိုးရက ဖမ်းဝရမ်းထုတ်လိုက်သောကြောင့် ဖုန်မိသားစု၏ 'အိမ်အပြန် ခရီး'မှာ ပို၍နီးစပ်လာခဲ့ပြီဖြစ်သည်။

## ကိုလိုနီခေတ်မှ ၂၀၀၉ ခုနှစ်အတွင်း ဩဇာအာဏာအရှိဆုံး ကိုးကန့်မိသားစုသုံးခုအနက် ယန်မိသားစု





မှတ်ချက်။ ၁၉၉၄ ခုနှစ်တွင် ယန်မော်ရှန်း (Yang Maoxian) ကို တရားမဝင်ဘိန်းရောင်းဝယ်မှုဖြင့် လင်ချန်းခရိုင်ရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့ပြီး ကူမင်းမြို့တွင် ကွပ်မျက်ခဲ့သည်။ ၁၉၉၅ ခုနှစ်တွင် ယန်မိသားစုနှင့် ဖုန်မိသားစုတို့ တိုက်ခိုက်ရာတွင် ယန်မိသားစုအရေးနိမ့်ခဲ့သည်။ တရားဝင်ထုတ်ပြန်ထားသည့် အချက်အလက်နှင့်ရုပ်ပုံများကိုသာ အခြေခံပြီး ဖော်ပြထားခြင်းဖြစ်သည်။ ရုပ်ပုံအတည်မပြုနိုင်သူများအား အမျိုးသားနှင့်အမျိုးသမီးရုပ်ပုံများဖြင့် အစားထိုးဖော်ပြထားသည်။

Illustration : ISP-Myanmar

## ကိုလိုနီခေတ်မှ ၂၀၀၉ ခုနှစ်အတွင်း ဩဇာအာဏာအရှိဆုံး ကိုးကန့်မိသားစုသုံးခုအနက် လော်မိသားစု

- လော်မိသားစု




## ကိုလိုနီခေတ်မှ ၂၀၀၉ ခုနှစ်အတွင်း ဩဇာအာဏာအရှိဆုံး ကိုးကန့်မိသားစုသုံးခုအနက် ဖုန်မိသားစု

- ဖုန်မိသားစု (၁၉၈၉-၁၉၉၂) (၁၉၉၅-၂၀၀၉)





Illustration : ISP-Myanmar

## ၂၀၁၀ ပြည့်နှစ်မှ ၂၀၂၃ ခုနှစ်အထိ ဩဇာအာဏာအရှိဆုံး ကိုးကန့်မိသားစုလေးခုအနက် ပယ်မိသားစု




## ၂၀၁၀ ပြည့်နှစ်မှ ၂၀၂၃ ခုနှစ်အထိ ဩဇာအာဏာအရှိဆုံး ကိုးကန့်မိသားစုလေးခုအနက် ဝေမိသားစု






Illustration : ISP-Myanmar

## ၂၀၁၀ ပြည့်နှစ်မှ ၂၀၂၃ ခုနှစ်အထိ ဩဇာအာဏာအရှိဆုံး ကိုးကန့်မိသားစုလေးခုအနက် လျိုမိသားစု




## ၂၀၁၀ ပြည့်နှစ်မှ ၂၀၂၃ ခုနှစ်အထိ ဩဇာအာဏာအရှိဆုံး ကိုးကန့်မိသားစုလေးခုအနက် မင်မိသားစု





Illustration : ISP-Myanmar

## ၂။ 'စစ်ဆင်ရေး ၁၀၂၇'နှင့် တရုတ်နိုင်ငံ၏ ကြားဝင်မှု

ညီနောင်မဟာမိတ်သုံးဖွဲ့နဲ့ ပူးပေါင်းတပ်တွေ ဖော်ဆောင်ခဲ့ကြတဲ့ 'စစ်ဆင်ရေး ၁၀၂၇' ဆင်နွှဲမှု ၄၅ ရက်ပြည့်ချိန်မှာပဲ တရုတ်နိုင်ငံက ကြားဝင်လာပါတယ်။ စစ်ကောင်စီနဲ့ ညီနောင်မဟာမိတ်သုံးဖွဲ့က ကိုယ်စားလှယ်တွေ ကူမင်းမြို့ ဟိုင်ဂင်ဟိုတယ်မှာ ဒီဇင်ဘာ ၇ ရက်ကနေ ၉ ရက်အထိ တွေ့ဆုံခဲ့ကြပါတယ်။ ဒီတွေ့ဆုံမှုမှာ ဘေဂျင်းအစိုးရကိုယ်စား အာရှရေးရာအထူးကိုယ်စားလှယ် မစ္စတာတိန့်ရှီကျွန်း (Mr. Deng Xijun) က အသိသက်သေအဖြစ် ဝင်တက်ခဲ့ပါတယ်။ တွေ့ဆုံမှုအပေါ် တရုတ်အစိုးရနဲ့ စစ်ကောင်စီဘက်က ဒီဇင်ဘာ ၁၁ ရက်မှာ သတင်းထုတ်ပြန်ခဲ့ပါတယ်။ တွေ့ဆုံမှုမှာ ယာယီအပစ်ရပ်ရေး၊ စစ်သံ့ပန်းလဲလှယ်ရေးနဲ့ စစ်ဘေးရှောင်ကူညီရေးတွေကို အဓိကဆွေးနွေးခဲ့ပြီး တရုတ်အစိုးရထုတ်ပြန်ချက်မှာ အားလုံးရဲ့ အကျိုးစီးပွားကို ထင်ဟပ်စေတဲ့ 'ရလဒ်ကောင်း' ထွက်ခဲ့ကြောင်း ဆိုပါတယ်။ ညီနောင်မဟာမိတ်သုံးဖွဲ့ကို 'တရုတ်နိုင်ငံရဲ့အကူအညီ' နဲ့ နိုင်ငံရေးအရ ဖြေရှင်းနိုင်ဖို့ တွေ့ဆုံဆွေးနွေးခဲ့ကြောင်း၊ တိုးတက်မှုအခြေအနေအပေါ် မူတည်ပြီး ဒီဇင်ဘာလကုန်ပိုင်းမှာ ထပ်ဆွေးနွေးဖို့ရှိကြောင်း စစ်ကောင်စီက ပြောခဲ့ပါတယ်။ တရုတ်နိုင်ငံ ကူမင်းမြို့မှာပဲ ဒီဇင်ဘာ ၂၂ ရက်ကနေ ၂၄ ရက်အထိ နှစ်ဖက်အဖွဲ့တွေ ဒုတိယအကြိမ် တွေ့ခဲ့ပေမဲ့ ရေရာတဲ့ အဖြေထွက်ခဲ့တာမျိုး မရှိပါဘူး။

ကူမင်းမြို့မှာ ပထမဆုံး တွေ့ဆုံမှုအပြီး ဒီဇင်ဘာ ၁၈ ရက်အထိ MNDAA နဲ့ စစ်ကောင်စီအကြား ပစ်ခတ်တိုက်ခိုက်တာတွေ လျော့ကျသွားပါတယ်။ ဒါပေမဲ့ တအန်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA)၊ ရက္ခိုင့်တပ်တော် (AA) တို့နဲ့တော့ တိုက်ပွဲဆက်ဖြစ်ခဲ့ပါတယ်။ အထူးသဖြင့် TNLA နဲ့ ပူးပေါင်းတပ်တွေရဲ့စစ်ဆင်မှုက ပိုပြီးအားကောင်းခဲ့ပါတယ်။ ဒီဇင်ဘာ ၁၁ ရက်နောက်ပိုင်းမှာ နမ့်ခမ်း၊ နမ့်ဆန်နဲ့ မန်တုံ စတဲ့ မြို့တွေအပါအဝင် မြို့နယ်သုံးခုလုံးကို TNLA နဲ့ ပူးပေါင်းတပ်တွေက သိမ်းယူထိန်းချုပ်နိုင်ခဲ့ပါတယ်။ MNDAA အနေနဲ့လည်း ဒီဇင်ဘာ ၁၈ ရက်မှာ လောက်ကိုင်အနီး ရန်လုံကျိုင်းနယ်စပ်ဂိတ်ကို သိမ်းယူလိုက်ပြီး လောက်ကိုင်မြို့နဲ့အနီးတဝိုက်မှာ စစ်ကောင်စီနဲ့ တိုက်ခိုက်မှုတချို့ ပြန်ဖြစ်ခဲ့ပါတယ်။ ဒါနဲ့ဆက်စပ်ပြီး ထိန်းထိန်းသိမ်းသိမ်းလုပ်ကြဖို့ လက်နက်ကိုင်အဖွဲ့အားလုံးကို တောင်းဆိုကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက ဒီဇင်ဘာ ၂၀ ရက်မှာ ပြောခဲ့ပါတယ်။

ကူမင်းနှစ်ဖက်တွေ့ဆုံမှုမှာ သဘောတူခဲ့တာတွေကို စစ်ကောင်စီရော၊ ညီနောင်မဟာမိတ်သုံးဖွဲ့ဘက်ကပါ အသေးစိတ်ထုတ်ပြောတာမျိုးမရှိခဲ့ပေမဲ့ တရုတ်ဘာသာနဲ့ရော၊ အင်္ဂလိပ်ဘာသာနဲ့ပါ ရေးသားထားတဲ့ 'ကူမင်းသဘောတူညီချက်' Ridge Consensus (Draft) ဆိုတဲ့

▸ မှတ်တမ်းစာရွက်တခုက ဒီဇင်ဘာ ၁၂ ရက်မှာ ဆိုရှယ်မီဒီယာထက် ပျံ့နှံ့ခဲ့ပါတယ်။ ဒီစာရွက် ဘယ်နေရာကနေ ထွက်လာတယ်ဆိုတာ မသိရပေမဲ့ 'စစ်ဆင်ရေး ၁၀၂၇' ကာလတလျှောက် ဆိုရှယ်မီဒီယာအပါအဝင် မီဒီယာလက်ဦးမှုရယူနိုင်ခဲ့တဲ့ ညီနောင်မဟာမိတ်တွေဘက်က ထုတ်တာ မဖြစ်နိုင်ဘူးဆိုတဲ့ ယူဆချက်တွေ ရှိခဲ့ပါတယ်။ နှစ်ဖက်စလုံးက တရားဝင်အတည် ပြုထားခြင်းမရှိဘဲ ဆိုရှယ်မီဒီယာပေါ် ပျံ့နှံ့လာတဲ့စာရွက်ထဲမှာ 'မြန်မာနိုင်ငံ မြောက်ပိုင်း ပဋိပက္ခ အဆုံးသတ်ရေး မူအရ သဘောတူညီမှု' ရရှိခဲ့တယ် ဆိုပြီး အချက်ခုနစ်ချက်ကို ဖော်ပြထားပါတယ်။ ဒီအထဲမှာ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလမတိုင်မီ အပစ်ရပ်ပြီး စစ်ပွဲအဆုံးသတ်ဖို့၊ စစ်သုံ့ပန်းနဲ့ ဆက်စပ်အကျဉ်းသားတွေ လဲလှယ်ဖို့၊ အရပ်သားတွေကို ဘေးကင်းအောင် လုပ်ပေးဖို့၊ စစ်ပြေးဒုက္ခသည်တွေကို အကူအညီပေးနိုင်ဖို့၊ အရပ်သားနဲ့ စစ်ဘက်မဟုတ်တဲ့ နေရာတွေကို မတိုက်ခိုက်ဖို့၊ ထိန်းချုပ်နယ်မြေတွေအတွင်း အွန်လိုင်းရာဇဝတ်မှုတွေကို နှိမ်နင်းပြီး တရုတ်နိုင်ငံနဲ့ ပူးပေါင်းဆောင်ရွက်ဖို့အပြင် ကျားဖြန့်ဂိုဏ်းတွေနဲ့ ပါဝင်သူတွေကို အမြန်ဖမ်းပြီး တရုတ်အစိုးရဆီအပ်ဖို့၊ ငြိမ်းချမ်းရေးကို မြတ်နိုးဖို့၊ ငြိမ်းချမ်းရေးဖျက်ဆီးသူ အဖြစ် မလုပ်ကြဖို့ စတာတွေ ပါဝင်ခဲ့ပါတယ်။ ဒါ့အပြင် ကိုးကန့်တပ်ဖွဲ့ဝင်တွေ လောက်ကိုင်မြို့ကို ပြန်ရောက်ရေးအပါအဝင် နိုင်ငံရေးဆွေးနွေးပွဲမှာ ညှိနှိုင်းဆောင်ရွက်ဖို့နဲ့ ညီနောင်မဟာမိတ်သုံးဖွဲ့က လောက်ကိုင်မြို့ကို အပြင်းအထန် တိုက်ခိုက်တာမျိုး မလုပ်ဖို့၊ နယ်စပ်ကုန်သွယ်ရေးဂိတ်တွေနဲ့ ကုန်စည်စီးဆင်းမှု ပြန်ပြီး အားကောင်းလာအောင် မြန်မာစစ်တပ်နဲ့ ပူးပေါင်းဆောင်ရွက်ဖို့ ကတိပြုခဲ့ကြတယ်လို့ ဖော်ပြထားပါတယ်။

ဒုတိယအကြိမ် ကူမင်းတွေ့ဆုံမှုအပြီးမှာတော့ ညီနောင်မဟာမိတ် သုံးဖွဲ့နဲ့ စစ်ကောင်စီ အကြား ရေရာတဲ့အဖြေ မထွက်ခဲ့သလို၊ ဆွေးနွေးပွဲအခြေအနေကို တရုတ်နိုင်ငံဘက်က ရော၊ စစ်ကောင်စီဘက်ကပါ ချက်ချင်းထုတ်ပြန် ပြောဆိုတာမျိုးလည်း မရှိခဲ့ပါဘူး။ ဒါပေမဲ့ နှစ်ဖက်အဖွဲ့တွေအကြား ပထမအကြိမ်တွေ့ခဲ့စဉ်က ရခဲ့တဲ့ ဒီဇင်ဘာလကုန်အထိ အပစ်ရပ်ကြမယ့် 'ဟိုင်ဂင်သဘောတူညီချက်' နောက်ဆက်တွဲအဖြစ် ဆက်ဆွေးနွေးခဲ့ကြတယ်၊ နှစ်ဖက်တပ်နေရာ ပြောင်းရွှေ့ချထားရေးနဲ့ တရုတ်-မြန်မာ နယ်စပ်ကုန်သွယ်ရေး လမ်းတွေ ပြန်ပွင့်ဖို့ ဆွေးနွေးခဲ့ကြပေမဲ့ ပြေလည်မှု မရခဲ့ဘူးလို့ မီဒီယာတွေက ဖော်ပြခဲ့ကြသလို၊ တတိယအကြိမ် တွေ့ဆုံမှုကို ဇန်နဝါရီလထဲ ဆက်လုပ်သွားမယ်လို့လည်း ဆိုကြပါတယ်။ TNLA အထွေထွေအတွင်းရေးမှူး ဗိုလ်မှူးချုပ် တာဘုန်းကျော်ကို BBC မြန်မာပိုင်းသတင်း ဌာနက ဆက်သွယ်မေးမြန်းပြီး ဒီဇင်ဘာ ၂၆ ရက်မှာ ဖော်ပြခဲ့တဲ့ ရုပ်သံအင်တာဗျူးတခုမှာ တော့ 'အခု တိုက်ပွဲတွေ တအားပြင်းလာချိန်မှာ တရုတ်ဘက်ကတော့ ကျနော်တို့ကို တိုက်ပွဲ တွေရပ်ဖို့ ဖိအားပေးနေတယ်။ အဲဒီအနေအထားကို ကျနော်တို့သုံးဖွဲ့ ဒါကို ဘယ်လိုကျော် လွှားမလဲ နည်းလမ်းရှာနေပါတယ်' လို့ ဗိုလ်မှူးချုပ် တာဘုန်းကျော်က ပြောခဲ့ပါတယ်။

## 'စစ်ဆင်ရေး ၁၀၂၇'နောက်ပိုင်း တရုတ်-မြန်မာ နှစ်နိုင်ငံထိတွေ့ဆက်ဆံမှုများ

(၂၀၂၃ ခုနှစ် အောက်တိုဘာ ၂၇ ရက်မှ ဒီဇင်ဘာ ၂၅ ရက်အထိ)

**အောက်တိုဘာ ၂၇**

နယ်စပ်ဒေသတည်ငြိမ်ရေးနှင့် ပဋိပက္ခအရှိန်မမြင့်စေရန် တွေ့ဆုံဆွေးနွေးမှုများနှင့် ထိရောက်သောလုပ်ငန်းစဉ်များ လုပ်ဆောင်ရန် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ မစ္စမော်နင် ပြောကြား။

**အောက်တိုဘာ ၂၈**

တရုတ်နိုင်ငံဗဟိုစစ်ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး ကျန်းယူရှင်းနှင့် စစ်ကောင်စီ ကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းတို့ ဘေဂျင်းမြို့၌ တွေ့ဆုံ၍ နယ်စပ်ဒေသ လုံခြုံရေးကိစ္စရပ်များ ဆွေးနွေး။

**အောက်တိုဘာ ၃၀**

တရုတ်နိုင်ငံ နိုင်ငံတော်ကောင်စီဝင် ပြည်သူ့လုံခြုံရေးဆိုင်ရာဝန်ကြီး မစ္စတာ ဝမ်ရှောင်ဟုန်နှင့် စစ်ကောင်စီ ပြည်ထဲရေးဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ရဲတပ်ဖွဲ့ရဲချုပ် ဒုတိယဗိုလ်ချုပ်ကြီး နီလင်းအောင်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ် တိုးရီ၊ နိုင်ငံခြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦး၊ လူဝင်မှု ကြီးကြပ်ရေး ဒုတိယဝန်ကြီး ဦးဌေးလှိုင်တို့ နေပြည်တော်၌ တွေ့ဆုံ။

**အောက်တိုဘာ ၃၁**

မစ္စတာ ဝမ်ရှောင်ဟုန်နှင့် စစ်ကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်တို့ နေပြည်တော်၌ တွေ့ဆုံ။ နယ်စပ်ဒေသ တည်ငြိမ်ရေးနှင့် ပဋိပက္ခအရှိန်မမြင့်စေရေးအတွက် တွေ့ဆုံဆွေးနွေးမှုများနှင့် ထိရောက်သောလုပ်ငန်းစဉ်များ လုပ်ဆောင်ရန် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ မစ္စတာ ဝမ်ဝိန်းပင်းက ပုံမှန်ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲ၌ပြောကြား။

**နိုဝင်ဘာ ၂**

ရှမ်းမြောက်ဒေသပဋိပက္ခနှင့် ပတ်သက်၍ သက်ဆိုင်သူအားလုံး ချက်ချင်းအပစ်ရပ်ကြရန်၊ မတူကွဲပြားမှုများကိုဆွေးနွေးညှိနှိုင်းပြီး ဖြေရှင်းရန် မစ္စတာဝမ်ဝိန်းပင်း ဒုတိယအကြိမ် တိုက်တွန်း။

**နိုဝင်ဘာ ၃-၅**

တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန လက်ထောက်နိုင်ငံခြားရေးဝန်ကြီး မစ္စတာနွန်ရွန်သည် စစ်ကောင်စီ နိုင်ငံခြားရေးဝန်ကြီး ဦးသန်းဆွေ၊ ဒုတိယဝန်ကြီး ဦးလွင်ဦးတို့နှင့်တွေ့ဆုံကာ သဘောထားကွဲလွဲမှုများကို အခြေခံဥပဒေနှင့် တရားဥပဒေမူဘောင်အောက်မှတဆင့် တွေ့ဆုံ ဆွေးနွေးရန် တိုက်တွန်း။ နယ်စပ်တည်ငြိမ်မှုကို ထိန်းသိမ်းရန်နှင့် နယ်စပ်ရှိ ပြည်သူများ၏ ဘေးကင်းလုံခြုံမှု၊ မြန်မာနိုင်ငံရှိ တရုတ်နိုင်ငံသားများ၊ အဖွဲ့အစည်းနှင့် စီမံကိန်းများ၏ လုံခြုံမှုကို အာမခံပေးစေလိုကြောင်းပြော။

**နိုဝင်ဘာ ၇**

စစ်ကောင်စီ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန(၂) ဝန်ကြီး ဦးကိုကိုလှိုင်နှင့် တရုတ်သံအမတ် မစ္စတာချန်းဟိုင်တို့ နေပြည်တော်၌ တွေ့ဆုံဆွေးနွေး။

**နိုဝင်ဘာ ၁၀**

နှစ်နိုင်ငံစီမံကိန်းများနှင့် စီးပွားရေးလုပ်ငန်းများ၏ လုံခြုံရေး အပါအဝင် နယ်စပ်ဒေသလုံခြုံရေးနှင့်တည်ငြိမ်ရေးကို အာမခံပေးရန်၊ ရှမ်းမြောက်ပဋိပက္ခနှင့် သက်ဆိုင်သူအားလုံး ချက်ချင်းအပစ်ရပ်ကြရန် မစ္စတာဝမ်ဝိန်းပင်း တိုက်တွန်း။

**နိုဝင်ဘာ ၁၂**

အွန်လိုင်းငွေလိမ်ဂိုဏ်းနှိမ်နင်းရေး အကြောင်းပြချက်ဖြင့် လောက်ကိုင်မြို့အတွင်းသို့ တရုတ်အထူးတပ်ဖွဲ့ ဝင်ရောက်ခဲ့ကြောင်း သတင်းမီဒီယာများ ရေးသား။

**နိုဝင်ဘာ ၁၃**

နှစ်နိုင်ငံနယ်စပ်တည်ငြိမ်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရန် စစ်ကောင်စီ နိုင်ငံခြားရေးဝန်ကြီး ဦးသန်းဆွေနှင့် တရုတ်သံအမတ် မစ္စတာချန်းဟိုင်တို့ နေပြည်တော်၌ တွေ့ဆုံ။

**နိုဝင်ဘာ ၁၄**

စစ်ကောင်စီ ပြည်ထဲရေးဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် တရုတ်သံအမတ် မစ္စတာချန်းဟိုင်တို့ နေပြည်တော်၌တွေ့ဆုံ။ တရုတ်နိုင်ငံအနေနှင့် လက်ရှိပဋိပက္ခအခြေအနေကို အနီးကပ် စောင့်ကြည့်နေပြီး သက်ဆိုင်သူများက အမြန်ဆုံးအပစ်ရပ်ရန်၊ သဘောထားကွဲလွဲမှုများကို ဆွေးနွေးညှိနှိုင်းမှုဖြင့် ဖြေရှင်းရန်၊ နယ်စပ်ဒေသ လုံခြုံတည်ငြိမ်အေးချမ်းမှုကို မြန်မာနိုင်ငံဘက်မှ အာမခံပေးရန် မစ္စမော်နင် တိုက်တွန်း။

**နိုဝင်ဘာ ၁၆**

အမြန်ဆုံးအပစ်ရပ်ပြီး သဘောထားကွဲလွဲမှုများကို ဆွေးနွေးညှိနှိုင်းခြင်းဖြင့် ဖြေရှင်းရန်၊ နယ်စပ်ဒေသတည်ငြိမ်ရေးကို မြန်မာဘက်မှ အာမခံပေးရန် မစ္စမော်နင် ထပ်မံတိုက်တွန်း။ စစ်ဘေးရှောင်များအား တရုတ်နိုင်ငံက အကူအညီများ ပေးအပ်လျက်ရှိပြီး စစ်ဘေးရှောင်များအပေါ် အန္တရာယ်ပြုသည့် မည်သည့်လုပ်ရပ်မဆို ရှုတ်ချကြောင်းပြောဆို။

**နိုဝင်ဘာ ၁၇**

အွန်လိုင်းလိမ်လည်မှုနှိမ်နင်းရေးတွင် သံသယရှိသူများအား တရုတ်နိုင်ငံထံလွှဲပြောင်းနေကြောင်း၊ နယ်စပ်ဒေသ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် တရုတ်နိုင်ငံအနေနှင့် မည်သည့်အဖွဲ့အစည်းနှင့်မဆို ပူးပေါင်းသွားမည်ဟု မစ္စမော်နင် ပြောဆို။

**နိုဝင်ဘာ ၂၀**

မြန်မာနိုင်ငံမြောက်ပိုင်းဒေသရှိ နိုင်ငံခြားသားများအား တရုတ်နိုင်ငံမှတဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်ပို့ဆောင်ပေးလျက်ရှိကြောင်း၊ တရုတ်နိုင်ငံသားများ နေရပ်ပြန်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ စစ်ဘေးရှောင်များအတွက် မြန်မာနိုင်ငံနှင့်ပူးပေါင်းပြီး အကူအညီများပေးလျက်ရှိကြောင်း မစ္စမော်နင် ပြောဆို။

**နိုဝင်ဘာ ၂၃**

စစ်ကောင်စီ နိုင်ငံခြားရေးဝန်ကြီး ဦးသန်းဆွေနှင့် တရုတ်သံအမတ် မစ္စတာချန်းဟိုင်တွေ့ဆုံ။

# ISP TIMELINE

## တရုတ်-မြန်မာ နှစ်နိုင်ငံထိတွေ့ဆက်ဆံမှုများ

ဒီဇင်ဘာ ၂၇ ရက်၊ ၂၀၂၃ ခုနှစ်

**နိုဝင်ဘာ ၂၅-၂၇**

တရုတ်နိုင်ငံ၏ အချုပ်အခြာအာဏာ ကာကွယ်စောင့်ရှောက်ရေးနှင့် နယ်စပ်ဒေသတည်ငြိမ်ရေး အကြောင်းပြချက်ဖြင့် ဝမ်တိန်မြို့တွင် တရုတ်တောင်ပိုင်းစစ်ဒေသက သုံးရက်တာ စစ်ရေးလေ့ကျင့်။

**နိုဝင်ဘာ ၂၇-၃၀**

ရေကြောင်းလုံခြုံရေးလေ့ကျင့်ရန်နှင့် ချစ်ကြည်ရေးခရီးစဉ်အဖြစ် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်(ရေ)မှ စစ်သင်္ဘောသုံးစင်း သီလဝါဆိပ်ကမ်းသို့ လာရောက်။ ယင်းသည် နှစ်နိုင်ငံအကြား ပုံမှန် စစ်ရေးဖလှယ်မှုတခုမျှသာဖြစ်ကြောင်း မစ္စတာဝမ်ဝိန်းပင်း ပြောဆို။

**နိုဝင်ဘာ ၂၉**

'စစ်ဆင်ရေး ၁၀၂၇'အပေါ် တရုတ်နိုင်ငံကကူညီနေသည်ဟူသည့် စွပ်စွဲမှုများနှင့်ပတ်သက်၍ တရုတ်နိုင်ငံသည် မြန်မာနိုင်ငံ၏ အချုပ်အခြာ အာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးကို အစဉ် လေးစားကြောင်း၊ နှစ်နိုင်ငံအကြား သဘောကွဲလွဲမှုများနှင့် ပေါက်ဖော်ဆက်ဆံရေးကို ထိခိုက်ရန် ရည်ရွယ်သည့် မည်သည့် ကြိုးပမ်းမှုမဆို အောင်မြင်မည်မဟုတ်ကြောင်း မစ္စတာဝမ်ဝိန်းပင်း တုံ့ပြန်ပြောဆို။

**ဒီဇင်ဘာ ၇**

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ မူဘောင်အောက်မှတဆင့် နိုင်ငံရေးအသွင်ကူးပြောင်းရန် တရုတ်နိုင်ငံက လိုလားကြောင်းနှင့် ပြည်တွင်းရေး ဝင်မစွက်ဖက်မှုဝါဒကို ကျင့်သုံးကြောင်း တရုတ် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိက စစ်ကောင်စီ နိုင်ငံခြားရေး ဝန်ကြီးနှင့် ဘေဂျင်းမြို့၌ တွေ့ဆုံစဉ် ပြောကြား။

**ဒီဇင်ဘာ ၉**

စစ်ကောင်စီ နိုင်ငံခြားရေးဝန်ကြီး ဦးသန်းဆွေနှင့် ယူနန်ပြည်နယ် ကွန်မြူနစ်ပါတီ ဒုတိယအတွင်းရေးမှူး မစ္စတာရှီယွီကန်းတို့ ကူမင်းမြို့၌ တွေ့ဆုံ။

**ဒီဇင်ဘာ ၁၁**

တရုတ်အစိုးရကြားဝင်စေ့စပ်မှုဖြင့် ညီနောင်မဟာမိတ်သုံးဖွဲ့နှင့် စစ်ကောင်စီ၏ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော် ဆောင်မှုညှိနှိုင်းရေးကော်မတီတို့ (ယူနန်ပြည်နယ် ကူမင်းမြို့ ဟိုင်ဂင်ဟိုတယ်တွင် ဒီဇင်ဘာ ၇ ရက်မှ ၉ ရက်အထိ) တွေ့ဆုံ ဆွေးနွေးခဲ့ကြောင်း စစ်ကောင်စီ သတင်းထုတ်ပြန်။

**ဒီဇင်ဘာ ၁၄**

စစ်ကောင်စီနှင့် ညီနောင်မဟာမိတ်သုံးဖွဲ့တို့ တရုတ်နိုင်ငံအတွင်း တွေ့ဆုံကာ ယာယီအပစ်ရပ်ပြီး ဆက်လက်ဆွေးနွေးရန် ဆောင်ရွက်နိုင်ခဲ့၍ ပဋိပက္ခများ သိသာစွာလျော့နည်းသွားကြောင်း မစ္စမော်နင် ပြောဆို။ ယင်းသဘောတူညီချက်သည် ပါဝင်ဘက် အသီးသီး၏ အကျိုးစီးပွားနှင့် ကိုက်ညီသည့်အပြင် နယ်စပ်ဒေသ တည်ငြိမ်ရေးအတွက် အထောက်အကူဖြစ်ကြောင်း၊ ထိပ်တိုက် တွေ့မှုများကို အချိန်မီထိန်းချုပ်ခြင်းဖြင့် ဖြေရှင်းနိုင်မည်ဟု ပြောဆို။

**ဒီဇင်ဘာ ၁၅**

ကူမင်းတွေ့ဆုံမှုနှင့်ပတ်သက်၍ အာဆီယံသံအမတ်များအား တရုတ်နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိ ရှင်းလင်း။

**ဒီဇင်ဘာ ၁၉**

မြန်မာနိုင်ငံမြောက်ပိုင်းဒေသ ငြိမ်းချမ်းရေးဖြစ်စဉ်ကို ထောက်ခံ ကြိုဆိုပြီး ပါဝင်ဘက်များအားလုံး ဆွေးနွေးနိုင်ရန် ထောက်ပံ့လျက် ရှိကြောင်း၊ သဘောတူညီချက်များကို အမြန်ဆုံးအကောင်အထည် ဖော်ရေးနှင့် ပဋိပက္ခများကို ချောမွေ့စွာဖြေရှင်းနိုင်ရေး ပူးပေါင်းလုပ်ဆောင်ကြရန် မစ္စတာဝမ်ဝိန်းပင်း ပြောဆို။

**ဒီဇင်ဘာ ၂၀**

မြန်မာနိုင်ငံမြောက်ပိုင်းဒေသ ပဋိပက္ခ၌ ပါဝင်သူအားလုံး သဘောတူညီချက်များကို ထိရောက်စွာအကောင်အထည်ဖော်ရန်နှင့် ယာယီအပစ်ရပ်ကာလအတွင်း ထိပ်တိုက်တွေ့ဆုံမှုများရှောင်ရှားရန် မစ္စတာဝမ်ဝိန်းပင်း ပြောဆို။ တရုတ်နိုင်ငံအနေနှင့် ပဋိပက္ခ ချုပ်ငြိမ်းရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ဆက်လက်လုပ်ဆောင်သွားမည်ဟု ပြောဆို။

**ဒီဇင်ဘာ ၂၂-၂၄**

တရုတ်အစိုးရကြားဝင်စေ့စပ်မှုဖြင့် ညီနောင်မဟာမိတ်သုံးဖွဲ့နှင့် စစ်ကောင်စီကိုယ်စားလှယ်များ ကူမင်းမြို့၌ ဒုတိယအကြိမ်တွေ့ဆုံ။

ISP-Myanmar အနေနဲ့ 'စစ်ဆင်ရေး ၁၀၂၇' စဖြစ်ချိန်ကစပြီး အကျိုးဆက်ကြီးမားနိုင်တာကို ရှုမြင်တဲ့အတွက် ကနဦးသုံးသပ်ချက် (OnPoint) သုံးပုဒ်ရေးပြီး အလေးအနက်ထား သုံးသပ်ခဲ့ပါတယ်။ တရုတ်နိုင်ငံရဲ့ အကျိုးစီးပွား သံပူချိန်မှာ မြန်မာပဋိပက္ခဇာတ်ကောင်တွေက တူနဲ့ အံကျနှက်နိုင်ရင် အပြောင်းအလဲတွေ ကြီးမားမြန်ဆန်တတ်တာကို နိုဝင်ဘာ ၁၀ ရက်ကဖော်ပြခဲ့တဲ့ ကနဦးသုံးသပ်ချက် (OnPoint) အမှတ်-၁၇ မှာ ရည်ညွှန်းပြခဲ့ပြီး၊ 'စစ်ဆင်ရေး ၁၀၂၇' ရဲ့ အချက်ပေးနေပုံ (Signaling Effects) တွေအကြောင်း ရေးခဲ့ပါတယ်။ ဒါ့အပြင် တရုတ်အစိုးရက ရှမ်းမြောက်ဒေသတွင်း အာဏာချိန်ခွင်လျှာ အပြောင်းအလဲ၊ ခေါင်းဆောင်မှုအပြောင်းအလဲ ပြန်လုပ်တဲ့ (Power Reconfiguration) အပေါ် အချက်သုံးချက်နဲ့ ဆစ်ပိုင်းပြခဲ့ပါတယ်။ 'စစ်ဆင်ရေး ၁၀၂၇'ဟာ တရုတ်အစိုးရရဲ့ ခွင့်ပြုချက်ပါနိုင်ပေမဲ့ မြန်မာ့ပဋိပက္ခ ဇာတ်ကောင်တွေကလည်း အပြုခံ၊ အပြဋ္ဌာန်းခံသက်သက်မဟုတ်ဘဲ ပြုသူ ဖန်တီးဖောက်ထွက်နိုင်စွမ်း (Agency) ရှိသူတွေဆိုတာကိုလည်း ဥပမာပြ ရေးသားခဲ့ပါတယ်။

နိုဝင်ဘာ ၁၂ ရက်က ဖော်ပြခဲ့တဲ့ ကနဦးသုံးသပ်ချက် (OnPoint) အမှတ်-၁၈ မှာလည်း တရုတ်နိုင်ငံအနေနဲ့ '... နိုင်ငံရေး၊ လုံခြုံရေးနဲ့ စီးပွားရေး အကျိုးစီးပွား အထွေထွေတွေကြောင့် ရှမ်းမြောက်သံလွင်မြစ်ဝှမ်းဆိုတဲ့ ဒေသအကန့်အသတ်၊ သုံးလဝန်းကျင်ထက် မပိုစေမယ့် ကာလအကန့်အသတ်နဲ့ 'စစ်ဆင်ရေး ၁၀၂၇'ကို လက်ခံဖွယ်ရှိနိုင်ပါတယ်။ ဒါပေမဲ့ ဒီစစ်ဆင်ရေးကနေ ရှမ်းမြောက်ဒေသမှာသာမက နေပြည်တော်အထိပါ အာဏာချိန်ခွင်လျှာ အပြောင်းအလဲဖြစ်သွားမှာ၊ အနောက်နိုင်ငံတွေနဲ့ ဆက်စပ်တယ်လို့ တရုတ်နိုင်ငံက သံသယရှိတဲ့ အမျိုးသားညီညွတ်ရေးအစိုးရ (NUG)၊ ပြည်သူ့ကာကွယ်ရေးတပ် (PDF) စတဲ့ အင်အားစုတွေက နေပြည်တော်အာဏာပလ္လင်မှာ အစားထိုးလာမှာကိုတော့ လက်ခံဖို့ အဆင်သင့်ဖြစ်ဖွယ်မရှိသေးဘူးလို့ သုံးသပ်နိုင်ပါတယ်။ ဒါ့အပြင် စစ်ရေးပဋိပက္ခ တာရှည်လာရင် ရုရှားနိုင်ငံနဲ့ အမေရိကန်ပြည်ထောင်စုလို အင်အားကြီးနိုင်ငံတွေက ဝင်ပေါက်အမျိုးမျိုး၊ ပုံစံအသွယ်သွယ်နဲ့ ဝင်ပါလာမှာကိုလည်း တရုတ်နိုင်ငံက ပူပန်တာမို့ စစ်ဘောင်ကျယ်တာနဲ့ စစ်တာရှည်မှာကို တရုတ်နိုင်ငံက လက်ခံချင်ဖွယ်မရှိပါဘူး။ ပဋိပက္ခတိုင်းမှာ မမျှော်မှန်းနိုင်တဲ့ အပြောင်းအလဲ၊ အချိုးအကွေ့၊ အတက်အကျ (Dynamics) တွေ၊ မောင်းနှင်အားတွေ ရှိတတ်တာမို့ စင်းလုံးချော ကြံတိုင်းအောင်လို့ ဆောင်တိုင်းပေါက်တတ်တာ မဟုတ်ဘူး၊ အန္တရာယ်တောထဲ အရဲစွန့်ရတာမျိုး ရှိတတ်တယ်ဆိုတာကိုလည်း တရုတ်နိုင်ငံက တွက်ဆထားမှာ သေချာလောက်ပါတယ်' ဆိုပြီး ဖော်ပြခဲ့ပါတယ်။

ဒီအတိုင်းပဲ ဒီဇင်ဘာ ၅ ရက်က ထုတ်ဝေခဲ့တဲ့ ကနဦးသုံးသပ်ချက် (OnPoint) အမှတ်-၁၉ မှာလည်း 'ညီနောင်သုံးဖွဲ့အနေနဲ့ ကျေနပ်လောက်ဖွယ် နယ်မြေသိမ်းပိုက်နိုင်မှု၊ ထပ်ဆင့်

သြဇာစက်ဝန်းလွှမ်းမိုးနိုင်မှု (Sphere of Influence)၊ စီးပွားရေးအရ အရေးပါတဲ့ဒေသနဲ့ လမ်းကြောင်းတွေကို ထိန်းချုပ်နိုင်မှုရှိပြီဆိုရင် 'စစ်ဆင်ရေး ၁၀၂၇'ဟာ အကန့်အသတ်နဲ့ အရှိန်ကျကောင်း (ဝါ) ရပ်ကောင်းရပ်သွားနိုင်ပါတယ်။ ဒီစစ်ဆင်ရေးမှာ 'ဝ'ပြည် သွေးစည်းညီညွတ်ရေးတပ်မတော် (UWSA) နဲ့ ကချင်လွတ်လပ်ရေးတပ်မတော် (KIA) တို့က (သီးသန့်စစ်ရေးနဲ့ နိုင်ငံရေးဦးတည်ချက်တွေအရမဟုတ်ဘဲ) ညှိနှိုင်းပေါင်းစပ်မှုရှိရှိနဲ့ ပါဝင်ဆင်နွှဲလာမယ်ဆိုရင် အဆုံးသတ်စစ်ပွဲ (Total War) ကို ရှေးရှုသွားနိုင်ခြေရှိပါတယ်။ UWSA လို၊ KIA လို အဖွဲ့ကြီးတွေက ဘယ်လိုဆုံးဖြတ်မလဲဆိုတာကလည်း စစ်ဆင်ရေးက အချက်ပေးတဲ့ (Signaling Effects) တွေထဲမှာ အရေးအကြီးဆုံး စောင့်ကြည့်ရမယ့် အချက်ဖြစ်နိုင်ပါတယ်။ ဒီစစ်ဆင်ရေးမှာ ညီနောင်သုံးဖွဲ့နဲ့ EAOs ကြီးတွေအနေနဲ့ အသီးသီးအသက ဦးတည်ချက်အကန့်အသတ်နဲ့ပဲပါဝင်ပြီး (တရုတ်ဖိအားအပါအဝင် အကြောင်းအမျိုးမျိုးကြောင့်) ကိုယ်ရှိန်သတ်ကြမယ်ဆိုရင်တောင် သူတို့နဲ့ ချိတ်ဆက်နေတဲ့၊ သူတို့ လွှမ်းမိုးမှုစက်ဝန်းထဲမှာရှိတဲ့ PDF၊ LDF စတဲ့ အဖွဲ့တွေကို ဆက်တိုက်ပွဲဝင်ဖို့ နောက်ကနေ မျိုးစုံပံ့ပိုးကူညီအားပေးနေနိုင်ပါတယ်။ ဒီလိုအားပေးခြင်းက မြန်မာစစ်တပ်ကို အနားမရအောင်၊ ပိုအားနည်းအောင်လုပ်နိုင်မယ့် မဟာဗျူဟာမို့ 'စစ်ဆင်ရေး ၁၀၂၇'ကတဆင့် အဆုံးသတ်စစ်ပွဲ (Total War) ကို မရှေးရှုဘူးဆိုရင်တောင် တာရှည်စစ်ပွဲ (Protracted War) အဖြစ်တော့ အကျိုးဆက်ဖြစ်လာဖွယ်ရှိပါတယ်' လို့ ဖြစ်တန်ခြေအကဲဖြတ်ချက်အဖြစ် ဖော်ပြခဲ့ပါတယ်။

မြန်မာနိုင်ငံနဲ့ ပတ်သက်ပြီး တရုတ်အစိုးရရဲ့ ကိုင်တွယ်မှုဟာ ပစ္စန္တရစ်စီမံမှု(ဝါ) အဝေးအင်ပါယာကြီးက နယ်ခြားဒေသစီမံခန့်ခွဲပုံ (Frontier Management) နဲ့ အသွင်တူနေတာကို ISP-Myanmar က မကြာခဏ ထောက်ပြလေ့ရှိပါတယ်။ ရှမ်းမြောက်ဒေသမှာ 'စစ်ဆင်ရေး ၁၀၂၇' ပြင်းထန်နေချိန်မှာ တရုတ်နိုင်ငံတောင်ပိုင်း စစ်ဒေသကလည်း နိုဝင်ဘာ ၂၅ ရက်က စလို့ တရုတ်-မြန်မာနယ်စပ်မှာ သုံးရက်တာစစ်ရေးလေ့ကျင့်ခဲ့ပါတယ်။ မြန်မာနိုင်ငံရဲ့ ပြည်တွင်းရေးကို စွက်ဖက်တာမဟုတ်ဘဲ တရုတ်နိုင်ငံရဲ့ အချုပ်အခြာအာဏာ ကာကွယ်စောင့်ရှောက်ဖို့၊ နယ်စပ်ဒေသတည်ငြိမ်ဖို့၊ တရုတ်နိုင်ငံသားဘေးကင်းလုံခြုံဖို့နဲ့ အရေးပေါ်တုံ့ပြန်ဖို့ ခုခံကာကွယ်တဲ့သဘောနဲ့သာ လေ့ကျင့်တာလို့ တရုတ်ဘက်ကဆိုပါတယ်။ တရုတ်ပိုင်နက်ထဲ လက်နက်ကျည်ကျမှု၊ စစ်ဘေးရှောင်နဲ့ စစ်ရေးပဋိပက္ခကနေ လျှံကျယိုထွက်လာနိုင်မှု (Spillover Effects) တွေကို ဘောင်ကန့်စည်းခြားပြီး စစ်ရေးအရ လက်တုံ့ပြန်နိုင်ဖို့ ရည်ရွယ်ပုံရပါတယ်။ တချိန်တည်းမှာပဲ တရုတ်စစ်သင်္ဘောသုံးစင်းနဲ့ ဗိုလ်မှူးကြီး ဆွန်ဘို (Senior Captain Sun Bo) ဦးဆောင်တဲ့ တရုတ်စစ်သည် ၇၀၀ လောက်ဟာ ရန်ကုန်မြို့ သီလဝါဆိပ်ကမ်းကို နိုဝင်ဘာ ၂၇ ရက်မှာ ဆိုက်ရောက်ခဲ့ပါတယ်။ အိန္ဒိယသမုဒ္ဒရာနဲ့ ထိစပ်နေတဲ့နိုင်ငံတွေမှာ ချစ်ကြည်ရေးခရီး လှည့်လည်နေတဲ့ 44th PLA Navy Escort Task Group

(ETG) တရုတ်စစ်သင်္ဘောစုက ရုရှား-မြန်မာ ရေတပ်စစ်ရေးလေ့ကျင့်မှုအပြီး သုံးပတ်အကြာမှာ လာရောက်တာပါ။ မြန်မာ့စစ်ရေးပဋိပက္ခအတွင်း တခြားအင်အားကြီး နိုင်ငံတခုခုက စစ်ရေးအရ စွက်ဖက်လာမှာကိုလည်း တရုတ်အစိုးရက လိုလားပုံမရပါဘူး။ တဖက်မှာလည်း တရုတ်အကျိုးစီးပွားလုံခြုံရေးနဲ့ တရုတ်နိုင်ငံသားတွေ ဘေးကင်းရေးအတွက် ပဋိပက္ခစီမံခန့်ခွဲသူ (Conflict Manager) အဖြစ် ဘေဂျင်းအစိုးရက ကြားဝင်ညှိနှိုင်းတာတွေ လုပ်တဲ့အခါ တည်ငြိမ်ရေး (Stability) ကို ဦးစားပေးလေ့ရှိပါတယ်။ ဒါကြောင့် ပဋိပက္ခတွေအတွင်း တရုတ်နိုင်ငံသား သောင်းချီကယ်ထုတ်ခဲ့ရတဲ့ လစ်ဗျားမှာလို အဆုံးသတ်စစ်ပွဲ (Total War) ဆီ ဦးတည်ပြီး အစိုးရအပြောင်းအလဲ (Regime Change) အထိ မြန်မာနိုင်ငံမှာ ဖြစ်သွားမှာကိုလည်း တရုတ်အစိုးရက မြင်ချင်ပုံမရသေးပါဘူး။

## ၃။ ကျောက်ဖြူအထူးစီးပွားရေးဇုန် အရှိန်မြှင့်တည်ဆောက်ရန် ဟန်ပြင်

အိန္ဒိယသမုဒ္ဒရာထွက်ပေါက်ကို ရရှိစေမယ့် တရုတ်-မြန်မာစီးပွားရေးစင်္ကြံ (CMEC) ရဲ့ မဟာဗျူဟာစီမံကိန်းတခုဖြစ်တဲ့ ကျောက်ဖြူအထူးစီးပွားရေးဇုန်ကို အကောင်အထည်ဖော်ဖို့ စစ်ကောင်စီက တွန်းတွန်းတိုက်တိုက် လုပ်လာနေပါတယ်။ 'စစ်ဆင်ရေး ၁၀၂၇' နောက်ပိုင်းရှမ်းမြောက်ဒေသရှိ တရုတ်စီမံကိန်းတည်နေရာ ခြောက်ခုထက်မနည်းကို ညီနောင်မဟာမိတ်သုံးဖွဲ့ (3BHA)နဲ့ ပူးပေါင်းတပ်တွေက အပြည့်အဝ ထိန်းချုပ်ထားပြီး အများစုကို တပိုင်းတစ သိမ်းပိုက်ထားပြီဖြစ်ပါတယ် (ISP OnPoint အမှတ်–၁၈ ကိုရှုပါ)။ 'စစ်ဆင်ရေး ၁၀၂၇' စတင်ပြီးတဲ့နောက် ရခိုင်ပြည်နယ်တွင်းဖြစ်ခဲ့တဲ့ တိုက်ပွဲတွေဟာ ရခိုင်မြောက်ပိုင်းဒေသနဲ့ အိန္ဒိယနိုင်ငံရဲ့ ရင်းနှီးမြှုပ်နှံမှုဖြစ်တဲ့ အိန္ဒိယ-မြန်မာ ကုလားတန်မြစ်ကြောင်း စီမံကိန်းတဝိုက်မှာ ပိုဖြစ်ခဲ့ပါတယ်။ ရခိုင်မြောက်ပိုင်းလို ပြင်းထန်တိုက်ပွဲတွေမရှိပေမဲ့ တရုတ်ရင်းနှီးမြှုပ်နှံမှု စီမံကိန်းတွေရှိနေတဲ့ ရခိုင်တောင်ပိုင်း၊ အထူးသဖြင့် ကျောက်ဖြူအထူးစီးပွားရေးဇုန်နဲ့ ၁၅ မိုင်ဝန်းကျင်အထိလည်း စစ်ပွဲရဲ့ ကျယ်ပြန့်သက်ရောက်မှုက ရှိနေပါတယ်။

ဒါပေမဲ့ ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံကိန်းကို ၂၀၂၄ နှစ်ဆန်းပိုင်းမှာ စတင်အကောင်အထည်ဖော်ဖို့ စစ်ကောင်စီက စီစဉ်နေပါတယ်။ စီမံကိန်းလုပ်ငန်းလုပ်ကိုင်ခွင့်သဘောတူစာချုပ်ကို ပြင်ဆင်ဖြည့်စွက်ဖို့ တရုတ်နိုင်ငံပိုင် CITIC ကုမ္ပဏီနဲ့ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဦးအောင်နိုင်ဦးတို့ မကြာခင်က ဆွေးနွေးညှိနှိုင်းခဲ့ပြီး နောက်ဆက်တွဲဖြည့်စွက်စာချုပ်(Addendum)ကို ဗိုလ်ချုပ်ကြီး မြထွန်းဦး ဦးဆောင်ကာ ဒီဇင်ဘာ ၂၆ ရက်မှာ လက်မှတ်ရေးထိုးခဲ့ပါတယ်။ ဒီစီမံကိန်းကို မဖြစ်မနေ အမြန်ဆုံးစတင်အကောင်

- အထည်ဖော်ဖို့ စစ်ကောင်စီခေါင်းဆောင်က အမိန့်ပေးထားတဲ့အတွက် စီမံကိန်းမြေ သိမ်းဆည်းဖို့ နိုဝင်ဘာ ၃ ရက်မှာ ရခိုင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီနဲ့ အထူးစီးပွားရေး ဇုန်စီမံခန့်ခွဲမှုကော်မတီတို့အကြား ဆွေးနွေးခဲ့ကြပါတယ်။ ဒီအစည်းအဝေးမှာ စီမံကိန်း အတွက် သိမ်းဆည်းမယ့် မြေနေရာတွေ၊ အသိမ်းခံမြေယာအတွက် လျော်ကြေးပေးမယ့် အစီအစဉ်တွေကို ညှိနှိုင်းတိုင်ပင်ခဲ့ကြပါတယ်။ တချိန်တည်းမှာပဲ ကျောက်ဖြူအထူးစီးပွားရေး ဇုန်မှာ အကောင်အထည်ဖော်မယ့် ရေနက်ဆိပ်ကမ်းစီမံကိန်းနဲ့ ပူးပေါင်းဆောင်ရွက်ဖို့ 'အစိုးရ အသိအမှတ်ပြု မြန်မာကုမ္ပဏီစု (Myanmar Government Designated Entity (GDE) Consortium)' ဖွဲ့စည်းရေးကို စစ်ကောင်စီက စီစဉ်နေပါတယ်။ ဒီအတွက် စိတ်ဝင်စားမှု အဆိုပြုလွှာ (EOI) ကို စစ်ကောင်စီ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့က နိုဝင်ဘာ ၆ ရက်ကနေ ဒီဇင်ဘာ ၁၅ ရက်အထိ ခေါ် ယူခဲ့ပါတယ်။

တဖက်မှာလည်း ဘင်္ဂလားဒေ့ရှ်-တရုတ်-အိန္ဒိယ-မြန်မာ (BCIM) လေးနိုင်ငံစီးပွားရေးစင်္ကြံ ရဲ့ အစိတ်အပိုင်း စီမံကိန်းတွေအတွက် နားလည်မှုစာချွန်လွှာ သုံးခုနဲ့ သဘောတူစာချုပ်တ ခုကို တရုတ်နဲ့ မြန်မာအကြားရေးထိုးခဲ့ပါတယ်။ ကန်ပိုက်တီ-မြစ်ကြီးနား-ပန်ဆောင် အဝေး ပြေးလမ်းတည်ဆောက်ရေးစီမံကိန်း၊ ထိန်ချုံး-မြစ်ကြီးနား-ပန်ဆောင် ကုန်စည်ထောက်ပို့ ရေးဝန်ဆောင်မှု၊ ကန်ပိုက်တီ နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန် အကောင် အထည်ဖော်မှု အရှိန်မြှင့်တင်ရေးဆိုတဲ့ နားလည်မှုစာချွန်လွှာသုံးခုနဲ့ အဝေးပြေးလမ်းနဲ့ တံတားတည်ဆောက်မှု ထောက်ပံ့ရေးဆိုတဲ့ သဘောတူစာချုပ်တွေကို အောက်တိုဘာ ၂၂ ရက်က ယူနန်ပြည်နယ် ထိန်ချုံးမြို့မှာ ချုပ်ဆိုခဲ့တာပါ။ ဒါ့အပြင် ကြီးအုံကြီးဝ၊ ကင်းတားနဲ့ စေတုတ္တရာရှိ နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံ စီမံကိန်းသုံးခုက ထွက်ရှိတဲ့ လျှပ်စစ်ဓာတ်အားကို ဝယ်ယူဖို့ စစ်ကောင်စီ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက တရုတ်နိုင်ငံပိုင် Power China Resources ကုမ္ပဏီနဲ့ နိုဝင်ဘာ ၇ ရက်က နေပြည်တော်မှာ စာချုပ်ချုပ်ဆို ခဲ့ ကြပါတယ်။ ဒီစီမံကိန်းသုံးခုရဲ့ စုစုပေါင်းစက်တပ်အင်အား ၉၀ မဂ္ဂါဝပ်ရှိပြီး မကွေးနဲ့ မန္တလေးတိုင်းကို ဓာတ်အားဖြန့်ဖြူးပေးသွားမှာဖြစ်ပါတယ်။ တခါ ကွမ်းလုံတံတားပြီးစီး သွားတဲ့အတွက် တံတားဖွင့်ပွဲကို နိုဝင်ဘာ ၁၁ ရက်မှာ ကျင်းပမယ်လို့ စီစဉ်ထားပေမဲ့ ရှမ်း မြောက်တိုက်ပွဲတွေကြောင့် မလုပ်နိုင်သေးပါဘူး။ သံလွင်မြစ်ကူး ကွမ်းလုံတံတားသစ်ဟာ တရုတ်-မြန်မာစီးပွားရေးစင်္ကြံ (CMEC) ရဲ့ အစောဆုံး အကောင်အထည် ဖော်ရတဲ့ စီမံကိန်း စာရင်းဝင်ဖြစ်ပြီး ပထမဦးဆုံးပြီးမြောက်အောင်မြင်ခဲ့တဲ့ စီမံကိန်းတခုဖြစ်ပါတယ်။ သိန္နီ-ချင်း ရွှေဟော်လမ်းပေါ်က ဒီတံတားသစ်နဲ့ ဘေးချင်းကပ်ရှိတဲ့ ကွမ်းလုံကြိုးတံတားကိုတော့ MNDAA နဲ့ ပူးပေါင်းတပ်တွေက နိုဝင်ဘာ ၁၂ ရက်မှာ တိုက်ခိုက်သိမ်းပိုက်ခဲ့ပါတယ်။

## ၄။ စစ်ကောင်စီဥက္ကဋ္ဌ တက်ခွင့်ရခဲ့သည့် LMC ထိပ်သီးအစည်းအဝေး

သုံးနှစ်နီးပါး မလုပ်ဘဲ ဆိုင်းငံ့ထားတဲ့ လန်ချန်း-မဲခေါင် ပူးပေါင်း ဆောင်ရွက်မှု (Lancang-Mekong Cooperation - LMC) ထိပ်သီးခေါင်းဆောင်များအစည်းအဝေးကို ဒီဇင်ဘာ ၂၅ ရက်မှာ အွန်လိုင်းကနေ လုပ်ခဲ့ပြီး စစ်ကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကို တက်ခွင့်ပေးခဲ့ပါတယ်။ မြန်မာနိုင်ငံဟာ လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှုအစည်းအဝေး အတွက် တရုတ်နိုင်ငံနဲ့ တွဲဖက်ပြီး ပူးတွဲဥက္ကဋ္ဌအဖြစ် ၂၀၂၀ ပြည့်နှစ် ဩဂုတ်လကနေ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလအထိ တာဝန်ယူထားရပါတယ်။ ဒီလိုတာဝန်ယူထားချိန်ကာလအတွင်း နှစ်နှစ်တကြိမ် ပြုလုပ်ရမယ့် ထိပ်သီးအစည်းအဝေးအပါအဝင် အခြားဆက်စပ်အစည်းအဝေးတွေကို ပြုလုပ်ရမှာပါ။ ၂၀၂၁ ခုနှစ်အတွင်း မြန်မာနိုင်ငံမှာ စစ်အာဏာသိမ်းမှု ဖြစ်ခဲ့တာကြောင့် စစ်အာဏာသိမ်းခေါင်းဆောင်ရဲ့ တရားဝင်မှုပြဿနာ ပေါ်ပေါက်ခဲ့ပါတယ်။ ဒါနဲ့အတူ အာဆီယံထိပ်သီးအစည်းအဝေးတွေနဲ့ အခြားဒေသတွင်းထိပ်သီးအစည်းအဝေး တွေမှာ စစ်ကောင်စီဥက္ကဋ္ဌကို မဖိတ်ဘဲ ချန်လုပ်တာတွေ ရှိခဲ့ပါတယ်။ ဒါပေမဲ့ LMC ထိပ်သီးကိုတော့ တရုတ်နိုင်ငံက မလုပ်ဘဲ ဆိုင်းငံ့ထားရာကနေ အခု ပြန်လည်ပြုလုပ်ပြီး စစ်ကောင်စီဥက္ကဋ္ဌကိုပါ တက်ခွင့်ပေးလိုက်ပါတယ်။ ဒါကြောင့် စတုတ္ထအကြိမ် ပြုလုပ်ခဲ့တဲ့ LMC ထိပ်သီးအစည်းအဝေးဟာ (၂၀၂၁ ခုနှစ် ဧပြီလနောက်ပိုင်း) စစ်ကောင်စီဥက္ကဋ္ဌ ပထမဆုံး တက်ခွင့်ရခဲ့တဲ့ ဒေသတွင်းအစည်းအဝေးတခု ဖြစ်လာပါတယ်။

**မြန်မာနိုင်ငံရှိ လန်ချန်း-မဲခေါင်ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေစီမံကိန်းများ**
(၂၀၁၇ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ)

| စီမံကိန်းခွင့်ပြုနှစ် | စီမံကိန်းအရေအတွက် | ရန်ပုံငွေတန်ဖိုး အမေရိကန်ဒေါ်လာ |
|---|---|---|
| ၂၀၁၇ | ၁၀ ခု | ၂ ဒသမ ၄ သန်း |
| ၂၀၁၈ | ၁၉ ခု | ၇ ဒသမ ၂ သန်း |
| ၂၀၂၀ | ၂၂ ခု | ၆ ဒသမ ၈ သန်း |
| ၂၀၂၁ | ၂၂ ခု | ၆ ဒသမ ၁ သန်း |
| ၂၀၂၂ | ၁၉ ခု | ၄ ဒသမ ၉ သန်း |
| ၂၀၂၃ | ၁၄ ခု | ၃ ဒသမ ၈ သန်း |
| စုစုပေါင်း | ၁၀၆ ခု | ၃၁ ဒသမ ၂ သန်း |

အခုအစည်းအဝေးကို တရုတ်ဝန်ကြီးချုပ် မစ္စတာလီချန်း (Mr. Li Qiang) က စစ်ကောင်စီဥက္ကဌနဲ့အတူ ပူးတွဲဥက္ကဌအဖြစ် ဆောင်ရွက်ခဲ့ပြီး ကမ္ဘောဒီးယား၊ လာအို၊ ထိုင်းနဲ့ ဗီယက်နမ်နိုင်ငံတွေက ဝန်ကြီးချုပ်တွေ တက်ရောက်ခဲ့ပါတယ်။ LMC ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာဖြစ်ပေါ်တိုးတက်မှုတွေအပေါ် သုံးသပ်ပြီး 'နေပြည်တော်ကြေညာစာတမ်း'နဲ့ လန်ချန်း-မဲခေါင်ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းအစီအစဉ် (၂၀၂၃-၂၀၂၇) တို့ကို အတည်ပြုခဲ့ပါတယ်။ တရုတ်နိုင်ငံဘက်က ထုတ်ပြန်တဲ့သတင်းတွေထဲမှာ စစ်ကောင်စီဥက္ကဌကို အခြားအဖွဲ့ဝင်နိုင်ငံခေါင်းဆောင်တွေလို 'ဝန်ကြီးချုပ်' အဖြစ် မဖော်ပြဘဲ 'မြန်မာနိုင်ငံခေါင်းဆောင် (Myanmar Leader)'လို့ သုံးနှုန်းခဲ့တာ တွေ့ရပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံရဲ့ ပူးတွဲဥက္ကဌတာဝန် သက်တမ်းကုန်ခါနီးမှ တရုတ်အစိုးရအစီအစဉ်နဲ့ အွန်လိုင်းအစည်းအဝေးအဖြစ် လုပ်ခဲ့တာ၊ စစ်ကောင်စီနဲ့ ညီနောင်မဟာမိတ်သုံးဖွဲ့အကြား ပဋိပက္ခကျယ်ပြန့်လာမှုအပေါ် တရုတ်နိုင်ငံက ကြားဝင်ပြီးနောက် ဒီအစည်းအဝေး ပြန်လုပ်ဖြစ်ခဲ့တာ စတဲ့အချက်တွေက ထူးခြားပါတယ်။

တရုတ်အစိုးရရဲ့ 'မဟာအဖွင့်' နောက်ပိုင်း တရုတ်နိုင်ငံက ပြုလုပ်လေ့ရှိတဲ့ အစည်းအဝေးတိုင်းဟာ လူကိုယ်တိုင်တက်ရတဲ့ အစည်းအဝေးတွေပဲ ဖြစ်ခဲ့ပါတယ်။ ရှစ်ကြိမ်မြောက် LMC နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကို ဒီဇင်ဘာ ၇ ရက်က ဘေဂျင်းမှာ ကျင်းပခဲ့ပြီး စစ်ကောင်စီ နိုင်ငံခြားရေးဝန်ကြီး ဦးသန်းဆွေ တက်ရောက်ခဲ့ပါတယ်။ ၁၀ ကြိမ်မြောက် အဆင့်မြင့်အရာရှိများ အစည်းအဝေးကို နိုဝင်ဘာ ၃ ရက်ကနေ ၅ ရက်အတွင်း နေပြည်တော်မှာ ကျင်းပခဲ့ပြီး တရုတ်လက်ထောက် နိုင်ငံခြားရေးဝန်ကြီး မစ္စတာနွန်ရွန် (Mr. Nong Rong) က လာတက်ခဲ့ပါတယ်။ အရင်တကြိမ် လုပ်ခဲ့တဲ့အစည်းအဝေးမှာ မစ္စတာဝမ်ယီ (Mr. Wang Yi) အဆိုပြုခဲ့တဲ့ လန်ချန်း-မဲခေါင်ဒေသခွဲရဲ့ စီးပွားရေးဖွံ့ဖြိုးမှုရပ်ဝန်း (Lancang-Mekong Economic Development Belt) ကို တည်ဆောက်ဖို့ ရန်ပုံငွေတွေ ထပ်တိုးပြီး ထည့်ဝင်သွားမယ်လို့လည်း မစ္စတာနွန်ရွန်က ပြောခဲ့ပါတယ်။

LMC အထူးရန်ပုံငွေ (၂၀၂၂) နဲ့ ဆောက်လုပ်ခဲ့တဲ့ သီးနှံအထွက်နှုန်း ဆန်းစစ်အကဲဖြတ်စင်တာ (Mekong-Lancang Project's Crop Yield Assessment Center) ဖွင့်ပွဲကို နိုဝင်ဘာ ၇ ရက်က နေပြည်တော်မှာ ပြုလုပ်ခဲ့ပါသေးတယ်။ လယ်ယာမြေစီမံခန့်ခွဲရေးနဲ့ စာရင်းအင်းဦးစီးဌာနက ဖော်ဆောင်တဲ့ ဒီစီမံကိန်းမှာ မောင်းသူမဲ့ယာဉ် (Drone) နဲ့ သီးနှံစိုက်ပျိုးမှုစာရင်းကောက်ယူမှာ ဖြစ်ပါတယ်။ လန်ချန်း-မဲခေါင်ပူးပေါင်းဆောင်ရွက်မှုဟာ မဲခေါင်ဒေသတွင်းသြဇာဖြန့်ကြက်ဖို့ တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက ဦးဆောင်နေတဲ့ ဒေသတွင်းပေါင်းစည်းရေးအစီအမံ (Regional Integration Plan) တခုဖြစ်ပါတယ်။ ၂၀၂၃ ခုနှစ်အထိ အဖွဲ့ဝင်နိုင်ငံတွေအတွက် LMC အထူးရန်ပုံငွေ စီမံကိန်းပေါင်း ၇၇၉ ခုရှိတဲ့အနက် ▶

အမေရိကန်ဒေါ်လာ ၃၁ ဒသမ ၂ သန်းတန်ဖိုးရှိ စီမံကိန်း ၁၀၆ ခုထက်မနည်းကို မြန်မာနိုင်ငံမှာ ဖော်ဆောင်နေပါတယ်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာ၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး၊ သာသနာရေးနှင့် ယဉ်ကျေးမှု၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ပြည်ထဲရေး စတဲ့ ဝန်ကြီးဌာနခြောက်ခုက မြန်မာနိုင်ငံမှာ LMC စီမံကိန်းတွေကို ဖော်ဆောင်နေတာပါ။ တဖက်မှာလည်း LMC ကတဆင့် သမ္မတ ရှီကျင့်ဖျင်ရဲ့ ကမ္ဘာလုံးဆိုင်ရာအစီအမံ သုံးခုဖြစ်တဲ့ လုံခြုံရေးအစီအမံ (GSI)၊ ဖွံ့ဖြိုးရေးအစီ အမံ (GDI) နဲ့ ယဉ်ကျေးမှုအစီအမံ (GCI) တို့ကိုလည်း ထည့်သွင်းဖော်ဆောင်သွားဖို့ ရှိပါတယ်။

## ၅။ ဘဏ်အချင်းချင်း နယ်စပ်ဖြတ်ကျော် ယွမ်ငွေပေးချေမှုစနစ် (CIPS) စတင်

ဘဏ်အချင်းချင်း နယ်စပ်ဖြတ်ကျော် ယွမ်ငွေပေးချေမှုစနစ် (CIPS) ကို မြန်မာနိုင်ငံမှာ စတင်အသုံးပြုနိုင်ပြီ ဖြစ်ပါတယ်။ တရုတ်နိုင်ငံပိုင် Industrial and Commercial Bank of China (ICBC) ရန်ကုန်ဘဏ်ခွဲကနေတဆင့် နှစ်နိုင်ငံကုန်သွယ်ရေးနဲ့ ရင်းနှီးမြှုပ်နှံမှုတွေမှာ ယွမ်ငွေနဲ့ ပေးချေနိုင်တော့မှာပါ။ မြန်မာ့ဘဏ္ဍာရေးအဖွဲ့အစည်းတွေအနေနဲ့ မြန်မာနိုင်ငံအတွင်းမှာပဲ တကမ္ဘာလုံးရှိ CIPS ရဲ့ စာရင်းရှင်းလင်းမှုကွန်ရက်နဲ့ တိုက်ရိုက်ချိတ်ဆက်ခွင့်ရစေမှာ ဖြစ်ပါတယ်။ ICBC ရန်ကုန်ဘဏ်ခွဲက အောက်တိုဘာ ၁၈ ရက်မှာ CIPS စနစ်နဲ့ ချိတ်ဆက်ခဲ့ပြီး အောက်တိုဘာ ၂၃ ရက်မှာ မြန်မာနိုင်ငံရဲ့ပထမဆုံး CIPS တိုက်ရိုက်အဖွဲ့ဝင်ဘဏ်အနေနဲ့ ဘဏ်အချင်းချင်းအကြား နယ်စပ်ဖြတ်ကျော် ယွမ်ငွေပေးချေမှုလုပ်ငန်းကို စတင်လည်ပတ်ခဲ့ပါတယ်။ နှစ်နိုင်ငံနယ်စပ်ကုန်သွယ်ရေးမှာ ယွမ်ငွေနဲ့ ငွေစာရင်းရှင်းလင်းမှုစနစ်ကို ၂၀၂၁ ခုနှစ်မှာ စတင်လုပ်ဆောင်ခဲ့ပါတယ်။ အနောက်နိုင်ငံတွေရဲ့ အရေးယူပိတ်ဆို့မှု ခံနေရတဲ့ စစ်ကောင်စီအဖို့ SWIFT အစားထိုး တရုတ်ရဲ့ CIPS စနစ်ကတဆင့် နိုင်ငံခြားဘဏ္ဍာရေးအဖွဲ့အစည်းတွေနဲ့ ချိတ်ဆက်နိုင်မှာဖြစ်ပါတယ်။ မြန်မာနိုင်ငံဘဏ်တွေအနေနဲ့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ရဲ့ ငွေကြေးကွန်ရက်စနစ် (CBM NET System) ကတဆင့် CIPS ကို ချိတ်ဆက်ပြီး တိုက်ရိုက်မဟုတ်တဲ့အဖွဲ့ဝင် (Indirect Participant) မကြာခင် ဖြစ်လာနိုင်ခြေရှိပါတယ်။

တဖက်မှာလည်း ရှမ်းမြောက်တိုက်ပွဲတွေကြောင့် တရုတ်-မြန်မာနယ်စပ်ကုန်သွယ်ရေး ထိခိုက်ခဲ့ရတဲ့အတွက် ရှမ်းပြည်နယ်အရှေ့ပိုင်း အထူးဒေသ-၄ မိုင်းလားနဲ့ တရုတ်နိုင်ငံတာလော့စစ်ဆေးရေးဂိတ်ကနေ ကုန်သွယ်နေရပါတယ်။ ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၁၃ ရက်က

## ဘဏ်အချင်းချင်း နယ်စပ်ဖြတ်ကျော် ယွမ်ငွေပေးချေမှုစနစ်

ဘဏ်အချင်းချင်း နယ်စပ်ဖြတ်ကျော် ယွမ်ငွေပေးချေမှုစနစ် (Cross-Border Interbank Payment System - CIPS) ကို ၂၀၁၅ ခုနှစ်တွင် တရုတ်ပြည်သူ့ဗဟိုဘဏ်က စတင်တည်ထောင်ခဲ့သည်။ တရုတ်ယွမ်ငွေကို နိုင်ငံတကာ ကုန်သွယ်ရေးနှင့် နိုင်ငံတကာဈေးကွက်များတွင် အသုံးပြုနိုင်ရန် အဓိကရည်ရွယ်ထားသည်။ နိုင်ငံတကာ ငွေပေးချေမှုဆိုင်ရာစာပို့စနစ်ဖြစ်သည့် SWIFT နှင့်ယှဉ်လျှင် CIPS စနစ်ကို အသုံးပြုသည့်နိုင်ငံ နည်းပါးနေသေးသည်။ သို့သော် CIPS စနစ်၏ အားသာချက်တွင် ဘဏ်အချင်းချင်း ငွေအပေးအယူစာရင်းရှင်းခြင်း (Payment Clearing) နှင့် ဘဏ်ပြေစာ (Settlement) တို့ကိုလည်း ဝန်ဆောင်မှုပေးနိုင်သည်။ ထို့အပြင် နိုင်ငံဖြတ်ကျော်တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုနှင့် ရန်ပုံငွေထောက်ပံ့မှုမှ အိမ်ပြန်ငွေလွှဲမှုအထိ လုပ်ဆောင်နိုင်သည်။ Industrial and Commercial Bank of China (ICBC) သည် တရုတ်နိုင်ငံပိုင်ဘဏ်တခုဖြစ်ပြီး CIPS စနစ်၏ တိုက်ရိုက်အဖွဲ့ဝင် (Direct Participant) ဖြစ်သည်။ CIPS တိုက်ရိုက်အဖွဲ့ဝင် ၈၀ တို့ကို တရုတ်ပြည်သူ့ဗဟိုဘဏ်က တိုက်ရိုက်ကြီးကြပ်ဆောင်ရွက်သည်။

- စပြီး ဒီဂိတ်ကတဆင့် နှစ်နိုင်ငံကုန်သွယ်တဲ့အခါ ပို့ကုန်သွင်းကုန် နှစ်မျိုးလုံးအတွက် ကုန်စည်ခွန်တွေကို ထက်ဝက်လျှော့ကောက်မယ်လို့ အထူးဒေသ-၄ အခွန်ဦးစီးဌာနက နိုဝင်ဘာ ၁၂ ရက်မှာ အသိပေးကြေညာထားပါတယ်။ တရုတ်နိုင်ငံဆီ တင်ပို့မယ့် ကုန်စည်တွေကို တခြားနယ်စပ်ဂိတ်၊ ဒါမှမဟုတ် ပင်လယ်ရေကြောင်းကနေ ပြောင်းလဲတင်ပို့နိုင်ကြောင်း စစ်ကောင်စီရဲ့ ကုန်သွယ်ရေးဦးစီးဌာနက နိုဝင်ဘာ ၈ ရက်မှာ ထုတ်ပြန်ထားပါတယ်။ တရုတ်-မြန်မာ နှစ်နိုင်ငံနယ်စပ်ကုန်သွယ်ရေးရဲ့ ၉၁ ရာခိုင်နှုန်းခန့်ရှိတဲ့ မူဆယ်နဲ့ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းကြီးတွေမှာ ရှမ်းမြောက်တိုက်ပွဲတွေကြောင့် တရက်ပျမ်းမျှ ကုန်သွယ်မှုတန်ဖိုးစုစုပေါင်း အမေရိကန်ဒေါ်လာ ကိုးသန်းနီးပါး ဆုံးရှုံးနေရပါတယ် (ISP OnPoint အမှတ်-၁၈ ကိုရှုပါ)။

မှတ်ချက် ။ အောက်ခြေမှတ်စုများနှင့် ကိုးကားစာရင်းအပါအဝင် ရက်စွဲမှတ်တမ်းအပြည့်အစုံကို ISP-Myanmar ဝက်ဘ်ဆိုက်တွင် ဖတ်ရှုနိုင်ပါသည်။

www.ISPMyanmar.com/community

# Gabyin Community

## ISP ကပြင်ရပ်ဝန်း

Promoting Shared Reality, Appreciating Diversity, and Imagining Possibilities

+66 80 747 9712

PO Box 149, Chiang Mai University PO, Chiang Mai 50202